ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 May 2021 ၁၀၃၆၁

# ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ရှေးမူလက်ရာမပျက်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကိုကို ပြောကြား

မန္တလေး မေ ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို သည် ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၊ သီတဂူဗုဒ္ဓတက္ကသိုလ် များ၏ အဓိပတိဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အရှင်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ)စာမေးပွဲများ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲများ ကျင်းပမည့်အခြေအနေများ၊ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆရာတော်သံဃာတော်များ၊ သာသနဝန်ထမ်း ... 

ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား COVID 19 ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေများကို လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ရှိ တိလောကဂုရုလိုဏ်ဂူသို့ သွားရောက်၍ ညောင်ရမ်းခေတ် နံရံဆေးရေး ပန်းချီများသည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

**ကြေးမုံ ယနေ့ ဖတ်စရာ**




**မှန်ကန်သည့် သတင်းအချက်အလက်သည်သာ ပြည်သူ့ကောင်းကျိုးဆောင်စေမှာ**

ဆောင်းပါး စာမျက်နှာ » ၆

**ဆေးတက္ကသိုလ် ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ လုပ်ငန်းညွှန်ကြားချက်... လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၇

**မိုးပွင့်သစ္စာနှင့် မွေးရနံ့သင်းထုံသည့် ပန်းခင်း**

စာမျက်နှာ » ၁၆



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရတနာပုံ သင်္ဘောကျင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

# စီမံကိန်းလုပ်ငန်းများအနေဖြင့် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများကို အချိန်အဟုန်မပျက် ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မှာကြား

နေပြည်တော် မေ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် ဧပြီ ၃၀ ရက်တွင် မန္တလေးမြို့ရှိ မြန်မာ့မီးရထား၊ မန္တလေးဘူတာကြီး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ဧရာဝတီဌာနခွဲ)၊ ရတနာပုံသင်္ဘောကျင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

# မေလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆ ရက်မှ ၇ ရက်ခန့်၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

ကြေးမုံ

# နိုင်ငံတော်အပေါ်သစ္စာစောင့်သိ၍ ပြည်သူ့အကျိုးစီးပွားထမ်းရွက်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလက မဲစာရင်းအမှားအယွင်းများ၊ မဲမသမာမှုများကြောင့် ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏တာဝန်ကို တပ်မတော်က မလွှဲမရှောင်သာ ယူခဲ့ရပေသည်။ နိုင်ငံတော်ကို တာဝန်ယူသည်မှာ အာဏာသိမ်းခြင်းမဟုတ်ဘဲ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ဆောင်နိုင်ရန် ဆောင်ရွက်နေခြင်း ဖြစ်သည်။

တပ်မတော်သည် အရပ်ဘက်မှထင်ရှားသောပုဂ္ဂိုလ်များပါဝင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်၏တာဝန်ကို ထိန်းသိမ်းဆောင်ရွက်ရာတွင် NLD ပါတီနှင့် နိုင်ငံရေးသမား အစွန်းရောက်များ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ငြိမ်းချမ်းစွာဆန္ဒပြမှုများပေါ်ပေါက်လာခဲ့ရာ ဦးစွာပေါ်ထွက်လာသည့် လှုပ်ရှားမှုမှာ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်ပြုလုပ်သော CDM လှုပ်ရှားမှုဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ငင်းဖြစ်ပေါ်နေသည့်အရေး၌ CDM လှုပ်ရှားမှုကို အာဏာပြန်လည်ရယူလိုသူများက အရေးပါသည့်လှုပ်ရှားမှုအဖြစ် လမ်းခင်းပုံဖော်ဆောင်ရွက်ခဲ့ကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

CDM လှုပ်ရှားမှုတွင် အဓိကဆောင်ရွက်ကြသော ဌာနများမှာ ပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများဟု ဆိုရမည်ဖြစ်သည်။ ကျန်းမာရေးကဏ္ဍတွင် CDM လှုပ်ရှားမှု အများဆုံးပြုလုပ်ခဲ့ပြီး ပြီးလျှင်ပညာရေးကဏ္ဍမှပြုလုပ်ခဲ့သည်။ ပို့ဆောင်ရေးကဏ္ဍတွင်ရထားပို့ဆောင်ရေးကဏ္ဍမှအများဆုံးပြုလုပ်ခဲ့သည်ကိုတွေ့ရသည်။ CDM သည် တည်ဆဲအစိုးရအုပ်ချုပ်ရေးယန္တရား မလည်ပတ်အောင်၊ ရပ်တန့်သွားအောင် ပြုလုပ်သည့် အစွန်းရောက်နိုင်ငံရေးသမားတို့၏ နည်းဗျူဟာဖြစ်ပြီး ဝန်ထမ်းများသည် နိုင်ငံရေးသမားတို့၏ စည်းရုံးမှုကိုယုံစားကာ CDM လှုပ်ရှားမှုတွင် အသုံးချခံပါဝင်ခဲ့ကြသည်။

မအောင်မြင်သော CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများသည် များစွာနစ်နာဆုံးရှုံးမှုဖြစ်ခဲ့ကြပါသည်။ ဆုံးဖြတ်ချက်မှားယွင်းမှုဖြင့် CDM ပါဝင်ခဲ့ကြခြင်းသည် ဂုဏ်ယူဖွယ်ကောင်းသည့်၊ ဣန္ဒြေသိက္ခာရှိသည့် နိုင်ငံ့ဝန်ထမ်းဘဝများ ဆုံးရှုံးပျက်စီးကာ မနှစ်မြို့ဖွယ်ရာအခြေအနေများတွင် ဖြတ်သန်းနေကြရသည်မှာ စိတ်မကောင်းဖွယ်ရာများသာဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းအလွှာအမျိုးမျိုးတွင် ဆရာဝန် ဝန်ထမ်းများသည် အခြေခံကောင်းမွန်သောအလွှာဖြစ်၍ ဆိုဖွယ်ရာမရှိသော်လည်း ဝန်ထမ်းဘဝကိုသာ မှီခိုအားထားနေရသော အခြားနိုင်ငံ့ဝန်ထမ်းများအတွက်မူ စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့်ရှုမြင်ပါက ကိုယ်ချင်းစာနာမိကြမည်ဖြစ်သည်။

CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ပါဝင်ဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများရှိသကဲ့သို့ အချို့သောနိုင်ငံ့ဝန်ထမ်းများမှာ မိမိတို့စိတ်ခံစားလွယ်မှု၊ စိတ်လှုပ်ရှားမှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သောအခြေအနေများကို မျှော်မှန်းခြင်း၊ စိုးရိမ်ပူပန်ခြင်း စသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသဖြင့် အရေးယူခံရသူများလည်းရှိနေပါသည်။

CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသည့်အပြင် အထက်ပါအကြောင်း တစ်မျိုးမျိုးကြောင့်သာ ပါဝင်ခဲ့ရခြင်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက သတ်မှတ်ထားသောအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဧပြီလ ၂၇ ရက်နေ့က အသိပေးထားသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားတစ်ခုလုံး ကောင်းမွန်စွာ စဉ်ဆက်မပြတ်လည်ပတ်စေရန် ဆောင်ရွက်ကြရသူများ ဖြစ်ပါသည်။

သို့ဖြစ်ရာ CDM တွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သောအခြေအနေများကို မျှော်မှန်းခြင်း၊ စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းအမျိုးမျိုးတို့ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည်ဖြစ်ရာ မှားယွင်းသောလုပ်ဆောင်မှုများတွင် ပါဝင်ခဲ့ကြသည်ကို မှန်ကန်စွာ ရှုမြင်ပြီး ရိုးသားစွာတည်ဆောက်ထားသော မိမိတို့ဘဝများမပျက်စီးစေဘဲ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်အဖြစ် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် ပြည်သူ့အကျိုးစီးပွားများကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါကြောင်း။ ။

---

ပညာရေးဝန်ကြီးဌာန
"၂၀၂၁-၂၀၂၂ ပညာသင်နှစ်"
အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကိုသူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကိုပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

- မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။
- ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

---

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများစတင်ဖွင့်လှစ်ရေးကိစ္စ

**နေပြည်တော် မေ ၁**

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်မှ စတင်၍ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေ ၂၄ ရက် (တနင်္လာနေ့)မှ ၃၁ ရက် (တနင်္လာနေ့)အထိ သတ်မှတ်ထားသဖြင့် ယင်းကာလအတွင်း အတန်းအားလုံး ကျောင်းအပ်နှံကြရန်နှင့် ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ လုံးဝ(လုံးဝ) ကောက်ခံမှုမရှိကြောင်း၊ ကျောင်းအပ်နှံသည့် ကျောင်းသားအားလုံးကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် Mask နှင့် Face Shield များကို အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

■

---

## ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ မပျက်မကွက် ဝင်ရောက်ရေးကိစ္စ

**နေပြည်တော် မေ ၁**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ သင်ကြားရေးဆရာ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ မေ ၃ ရက် နောက်ဆုံးထား၍ မပျက်မကွက် **(မပျက်မကွက်)** ဝင်ရောက်ကြရန် ပညာရေးဝန်ကြီးဌာနက အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | | |
| **စာတည်းများ** | ဦးအောင်ကျော်ကျော် | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | | |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | | |

## နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရေး(ပန်းခင်းစီမံချက်)ကို အလေးထားကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့် ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်သွားရန်၊ ရသင့်ရထိုက်သော အခွန်အခများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါများ တစ်ကျော့ပြန်လည်ဖြစ်ပွားမှုများ မြင့်တက်လာနေသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းမှစ၍ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်စားသောက်ကြရန်၊ ထို့ပြင် လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် သုံးစွဲဆောင်ရွက်နေသောလုပ်ငန်းများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရုပြုစိစစ်သုံးစွဲရန်နှင့် အဂတိလိုက်စားမှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်သမိုင်းပြတိုက်နှင့် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ (Myanmar Automated Cargo Clearance System–MACCS)ရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ၏သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများလုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်မှုအခြေအနေနှင့် လိုအပ်ချက်များရှိပါက အချိန်မီတင်ပြကြရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် အခွန်ကောက်ခံမှုများ လျော့နည်းနိုင်သော်လည်း ကောက်ခံရန်ရှိသည့်အခွန်များကို အပြည့်အဝကောက်ခံရရှိရေး ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခွန်ထမ်းများ အခွန်ပေးဆောင်မှု လွယ်ကူစေရေးအတွက် Online Payment များဖြင့် အခွန်ပေးဆောင်မှုများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေများ တိုးမြင့်လာနိုင်ဖွယ်ရှိသည့်အတွက် ဝန်ထမ်းများ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ကယားပြည်နယ် အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် ကယားပြည်နယ်ရှိ အားကစားကွင်း/အားကစားရုံများ အသစ်တည်ဆောက်နေမှု၊ ပြုပြင်မွမ်းမံနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မေ ၃၀ ရက်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် အားကစားကွင်းနှင့် အားကစားရုံ၊ ဝန်ထမ်းအိမ်ရာများအသစ်တည်ဆောက်နေမှုနှင့် အဝီစိတွင်းတူးဖော်မည့်နေရာကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် အားကစားကွင်းနှင့် နှစ်ထပ်ပွဲကြည့်စင် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ဘော်လခဲခရိုင် အားကစားကွင်း၊ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုနှင့် အားကစားကွင်း/အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ စံချိန်စံညွှန်းကောင်းမွန်ပြီး အချိန်မီပြီးစီးနိုင်ရေးမှာကြားသည်။

ဆက်လက်၍ ဖားဆောင်းမြို့နယ် အားကစားကွင်း/အားကစားရုံများကို ကြည့်ရှုစစ်ဆေး၍ ဘောလုံးကွင်းရေရရှိစေရေး ကွင်းရေဖျန်းစနစ်နှင့် ပွဲကြည့်စင် အဝင်လမ်းပြုလုပ်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် မယ်စဲ့မြို့နယ် အားကစားကွင်း၊ ပွဲကြည့်စင် တိုးချဲ့ဆောက်လုပ်မည့်နေရာနှင့် အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းဂိုးတိုင်နောက် မြေလွတ်နေရာများ မြေဖို့ရန်နှင့် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ချုပ်ရေးမှူးရုံးခန်း၌ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီးက ကျောင်းပြုပြင်ထိန်းသိမ်းမှုများနှင့် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအတွင်းရှိ အားကစားရုံများ ပြုပြင်မွမ်းမံနေမှုများ၊ စားရိပ်သာ၊ သင်တန်းသားသင်တန်းသူများ၏ အိပ်ဆောင်များနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နှုတ်ဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ် အားကစားကွင်းအတွင်းရှိ တင်းနစ်အားကစားကွင်း၊ ရေကူးကန်နှင့် Gym ခန်းမတည်ဆောက်နေမှုနှင့် မီတာ ၄၀၀ ပြေးလမ်းကို Synthetic ခင်းကျင်းမှုကိုလည်းကောင်း၊ လွိုင်ကော်မြို့နယ်ရှိ ဖူဆယ်အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံ



**ရန်ကုန် မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန(ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့် စာဂ ဟူသည့် သတင်းစာဆရာ၏မူဝါဒ ဆိုသည့် သဘောမျိုး မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီမှာပါဝင်သည့် လူငယ်များက လူကြီးများဆီက အတွေ့အကြုံကောင်းများကို နည်းနာယူပြီး တည့်မတ်မှန်ကန်စွာ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ကြိုးစားကြမည်၊ ရဲရဲဝံ့ဝံ့လုပ်ဆောင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)၊ ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးခင်မောင်အေး(KMA)၊ ဦးရဲနိုင်စိုး၊ ဦးတင်မောင်ဦး၊ ဦးငွေအောင် စသည့်ကောင်စီဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(လျှပ်စစ်ကဏ္ဍ)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(လျှပ်စစ်ကဏ္ဍ)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာန၊ လုပ်ငန်းနှင့် ကော်ပိုရေးရှင်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဌာနအကြီးအကဲများ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ်သည့်အလျောက် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေရကြောင်း၊ ပြည်သူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် လုံလောက်ခြင်း၊ ဗို့အားနှင့် ကြိမ်နှုန်း(Frequency) တည်ငြိမ်ပြည့်ဝမှုရှိခြင်း၊ စဉ်ဆက်မပြတ်ပေးနိုင်ခြင်း၊ လျှပ်စစ်အန္တရာယ်အတွက် လုံခြုံစိတ်ချရခြင်း စသည်တို့နှင့် ပြည့်စုံသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

မိမိတို့လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများ၊ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ လိုအပ်ချက်ကို ပြည့်ဝစွာထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ယခုကာလတွင် ပြည်သူလိုအပ်နေသော ဓာတ်အားလိုအပ်ချက် ပြည့်စုံလုံလောက်အောင် စီစဉ်နေပြီး လာမည့်နှစ်များတွင် လိုအပ်လာမည့် ဓာတ်အားလိုအပ်ချက်များကိုလည်း အချိန်မီဖြည့်ဆည်းပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်နိုင်ရန်နှင့် ဖြန့်ဖြူးနိုင်ရန်တို့ကိုလည်း ဟန်ချက်ညီညီစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သဘာဝအရင်းအမြစ်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများနှင့် ပြန်ပြည့်မြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့်ဌာနဖြစ်သည့်အလျောက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကိုဝန်ဆောင်မှုပေးလျက်ရှိရာတွင် ပြီးခဲ့သည့်ကာလများ၌ အခက်အခဲအမျိုးမျိုးကြောင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဖြန့်ဝေခြင်း၊ မီတာခကောက်ခံခြင်းလုပ်ငန်းများတွင် အားနည်းချက်များရှိခဲ့သော်လည်း လျှပ်စစ်မီးမပြတ်တောက်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပြည်သူလူထုမှ အသိအမှတ်ပြုခဲ့ပါကြောင်း၊ ထိုအသိအမှတ်ပြုခဲ့မှုအပေါ် ရပ်တန့်မနေဘဲ ထပ်မံကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မီးသုံးစွဲသူပြည်သူများမှလည်း မိမိတို့ပေးဆောင်ရမည့် ဓာတ်အားခကျသင့်ငွေများကို အမြန်ဆုံးပေးဆောင်လို၍ ကောက်ခံပေးကြရန် တောင်းဆိုလျက်ရှိသည်ကို ကြားသိနေရသဖြင့် အမြန်ဆုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ထို့ပြင် ယခုအခါ လိုအပ်ချက်အရ အသစ်ခန့်အပ်ထားသော ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပြည်သူကိုလေးလေးစားစား ဆက်ဆံတတ်စေရေး၊ ပေးအပ်ထားသော လုပ်ငန်းတာဝန်အပေါ် ကျွမ်းကျင်စွာဆောင်ရွက်တတ်စေရေးအတွက် အမြန်ဆုံး လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများအပါအဝင် ပြည်သူလူထုမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ ယခုတက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း ညွှန်ကြားရေးမှူးတို့က မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးရန်နှင့် ဖြစ်ပေါ်နေသည့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မကြာမီ မိုးဦးကာလသို့ရောက်ရှိတော့မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး လိုအပ်သည့် ပြင်ဆင်ရေးအဖွဲ့များကို အသင့်စုဖွဲ့ထားရှိကာ ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် ပြည်သူလိုလားနေသော လုံခြုံပြီးတည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ဖြန့်ဖြူးနိုင်အောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် သုံးစွဲဝန်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

☆ ရှေ့ဖုံးမှ


နှစ်ကာလကြာမြင့်ပြီး ရာသီဥတုနှင့် လူတို့ပယောဂကြောင့် ထိခိုက်မှုမရှိစေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။ ယင်းနောက် အင်းဝ ရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်တွင် ခင်းကျင်းပြသထားသော အင်းဝခေတ် အနုလက်ရာ ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် သမိုင်းတင်မီနှင့် သမိုင်းတင်ပြီးခေတ်များက ပျောက်ကွယ်နေသော သဲလွန်စများကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းရသောအလုပ် ဖြစ်ကြောင်း၊ ရှာဖွေဖော်ထုတ်ရရှိသော တွေ့ရှိချက်များကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် ပေါင်းစပ်လိုက်ပါက နိုင်ငံတော်အတွက် အဖိုးတန်သည့် သမိုင်းအချက်အလက်များ ရရှိလာမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ရှေးမူလက်ရာမပျက်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ရှေးဟောင်းဆိုင်ရာနယ်မြေ၊ အဆောက်အအုံများကို မိမိတို့ဝန်ကြီးဌာန Website တွင် ဖော်ပြရန်၊ လက်ကမ်းစာစောင်များ ရိုက်နှိပ်ထုတ်ဝေရန်လိုကြောင်းနှင့် ဖော်ထုတ်ထိန်းသိမ်းရေးကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အရှင်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။



အင်းဝမြို့ဟောင်းအတွင်းရှိ မယ်နုအုတ်ကျောင်းကို တွေ့ရစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အင်းဝမြို့ဟောင်းအတွင်းရှိ ပြုပြင်ထိန်းသိမ်းလျက်ရှိသော ဗားကရာ သစ်သားဘုန်းတော်ကြီးကျောင်း၊ စည်တိုပုံမြို့ရိုး၊ နန်းမြင့်မျှော်စင်နှင့် မယ်နုအုတ်ကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ စီမံကိန်းလုပ်ငန်းမှ

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလေးဘူတာကြီး ခန်းမဆောင်၌ ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့မီးရထား၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများကို လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန(ဧရာဝတီဌာနခွဲ) ခန်းမဆောင်တွင် ဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများကိုလည်းကောင်း မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထား၊ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)မှ အရာထမ်း၊ အမှုထမ်းများကိုလည်းကောင်း တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)၌ စက်ခေါင်းများပြုပြင်ခြင်း၊ စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**အထူးဂရုစိုက်ကြရန်လို**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေ၌ ဝန်ကြီးဌာနနှင့်ပတ်သက် ဆက်စပ်သည့်နေရာများတွင် အဖျက်အမှောင့်လုပ်ငန်းများကို မကြာခဏ လာရောက်လုပ်ဆောင်လေ့ရှိသဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုစိုက်ကြရန် လိုကြောင်း၊ ထူးခြားဖြစ်စဉ်များ ဖြစ်ပွားလာပါက

**CDM လှုပ်ရှားမှုများတွင် မပါဝင်ခဲ့သော ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ရထားများ၊ သင်္ဘောများ ပြန်လည်ပြေးဆွဲနိုင်ခဲ့ပြီး ရုံးလုပ်ငန်းများလည်း ပုံမှန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြု**

အထက်အကြီးအကဲများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြရန်နှင့် လုံခြုံရေးအထူးသတိရှိကြရန် လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများအနေဖြင့် လက်ရှိဆောင်ရွက်ဆဲ On going Process လုပ်ငန်းများကို အချိန်အဟုန်မပျက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချိန်တွင် မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် လူစုလူဝေးများဖြင့် ဆူပူဆန္ဒပြခြင်း၊ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြခြင်း၊ ရရာလက်နက်များဖြင့် တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်ရာတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ပြည်သူများ ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရကြောင်း၊ ဝန်ထမ်းများကို CDM လှုပ်ရှားမှုများတွင် ပါဝင်အောင် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းတို့ကြောင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြကြောင်း၊ CDM လှုပ်ရှားမှုကြောင့် ရထားပြေးဆွဲခြင်း၊ သင်္ဘောပြေးဆွဲခြင်းလုပ်ငန်းများ ခေတ္တရပ်တန့်သွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် CDM လှုပ်ရှားမှုများတွင် မပါဝင်ခဲ့သော ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ရထားများ၊ သင်္ဘောများ ပြန်လည်ပြေးဆွဲနိုင်ခဲ့ပြီး ရုံးလုပ်ငန်းများလည်း ပုံမှန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြုပါကြောင်း။

**စည်းရုံးဆောင်ရွက်**

ဌာနများအလိုက် အကြောင်းမဲ့ပျက်ကွက်နေသော ကျန်ဝန်ထမ်းများအား မိမိဌာန၏ လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေး စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြန်နေးတီးဝန်ထမ်းနေရာများအတွက် ပြန်လည်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနများတွင် အထက်အကြီးအကဲ၊ လက်အောက်ငယ်သားများ အမြဲတမ်းထိတွေ့ဆက်ဆံ၍ ဌာနတွင်း စည်းလုံးညီညွတ်ရေးကို စဉ်ဆက်မပြတ်တည်ဆောက်နေကြရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်ပေးကြရန်နှင့် ဌာနအကြီးအကဲ အဆင့်ဆင့်အနေဖြင့် မိမိတို့ဌာန ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဌာနများမှ အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးဘူတာကြီး အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းဆိုင်ရာနေရာများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလက်အောက်ရှိ ရတနာပုံသင်္ဘောကျင်း၌ သင်္ဘောလွန်းတင်ပြုပြင်မှု၊ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်း၊ စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်) တွဲသစ်တည်ဆောက်ရေး စက်ရုံအတွင်းရှိ ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံများမှ ဝယ်ယူထားသည့် လူစီးတွဲသစ်များနှင့် တွဲတည်ဆောက်ရေးလုပ်ငန်းနှင့် မြစ်ငယ်ဘူတာရုံရှိ အထူးရထားတွဲဆိုင်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

**သတင်းစဉ်**

❍ မေလမှ

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မိုး/ဇလ**

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ ဂုဏ်ပြုဆောင်းပါး

# မှန်ကန်သည့်သတင်းအချက်အလက်သည်သာ ပြည်သူ့ကောင်းကျိုးဆောင်စေမှာ

## သူရိန်သော်

မေလ ၃ ရက်နေ့ဟာ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှာ သတင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ဆိုင်ရာ အခြေခံမူတွေကို မြှင့်တင်အားပေးနိုင်ဖို့အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက သတင်းလွတ်လပ်ခွင့်တွေကို အကဲဖြတ်ဖို့၊ အပြန်အလှန်သတင်းသမားအချင်းချင်း ကူညီမြှင့်တင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ သတ်မှတ်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ယခုနှစ်ဆိုရင် ၂၈ နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။




**ပြည်သူတွေကို သတင်းအချက်အလက် မှန်မှန်ကန်ကန်ပေးခြင်းဟာ မီဒီယာလောကသား သတင်းသမားတွေရဲ့တာဝန်ဖြစ်ပါတယ်။ မှန်ကန်ရမယ်၊ ပြည်သူအတွက် အကျိုးရှိစေရမယ်၊ စေတနာမေတ္တာအပြည့်နဲ့ ဆောင်ကြဉ်းပေးရပါမယ်၊ ပြည်သူများကောင်းကျိုးအတွက် အမှန်တကယ်လိုအပ်လာပြီဆိုရင် ပြည်သူကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သိသင့်သိထိုက်သမျှကို စေတနာအရင်းခံပြီး တင်ဆက်ကြရမှာက သတင်းသမားတွေအားလုံးရဲ့ အဓိကကျတဲ့ တာဝန်ဝတ္တရားတစ်ခုပဲဖြစ်ပါတယ်။ မှန်ကန်တဲ့သတင်းစကားအချက်အလက်နဲ့ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေကို ရှေးရှုပြီး လွတ်လပ်စွာပြောဆိုရေးသားခြင်းက လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးသက်ရောက်စေမှာ အသေအချာပဲဖြစ်။**

### နှီးနှောဖလှယ်

နှစ်စဉ်နှစ်တိုင်း မေလ ၃ ရက်နေ့မှာ သတင်းအတတ်ပညာတွေကို နှီးနှောဖလှယ်ကြသလို သတင်းခန်းအဆင့်အတန်းတွေ မြှင့်တင်ကြပါတယ်။ သတင်းသမားတွေအချင်းချင်း အတွေ့အကြုံတွေ ဖလှယ်ကြ၊ သတင်းလွတ်လပ်ခွင့်ရအောင် ဖော်ထုတ်ကြတာတွေအပြင် ဆောင်ပုဒ်တစ်ခုကိုဖော်ဆောင်ပြီး နိုင်ငံတကာက သတင်းသမားတွေက အကောင်အထည်ဖော်ကြတာတွေကိုလည်း မြင်တွေ့ရပါတယ်။ ယခုနှစ်အတွက် ဆောင်ပုဒ်အနေနဲ့ကတော့ Information as a Public Good ဖြစ်ပါတယ်။

မှန်ကန်တဲ့သတင်းအချက်အလက်ကို လူတိုင်းသိပိုင်ခွင့်ရှိပါတယ်။ ယနေ့ကမ္ဘာကြီးကိုက သတင်းအချက်အလက်ခေတ်ဖြစ်ပြီး နေ့စဉ်ဘဝမှာ လူသားတွေဟာ အစာအာဟာရကို စားသုံးကြသလို သတင်းတွေဟာလည်း ပြောင်းလဲတိုးတက်လာတဲ့ နည်းပညာအကူအညီနဲ့ ပိုပြီးမြန်မြန်ဆန်ဆန် ပြည်သူတွေလက်ထဲ ရောက်ရှိလာကြတဲ့ စိတ်အာဟာရတစ်မျိုးလည်း ဖြစ်ပါတယ်။ ကမ္ဘာမှာ သတင်းစကားဖြန့်ဝေခြင်းဆိုတာ လူသားတွေအားလုံးရဲ့လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေး၊ ယဉ်ကျေးမှုတိုးတက်မြင့်မားရေးနဲ့ ငြိမ်းချမ်းရေးစတဲ့ ကဏ္ဍတိုင်းအတွက် အရေးပါတဲ့နေရာမှာ ရှိခဲ့ပါတယ်။

သမိုင်းတစ်လျှောက်လုံးမှာ လူသားတွေတည်ဆောက်ခဲ့ကြတဲ့ ယဉ်ကျေးမှုလူ့အဖွဲ့အစည်းတွေ၊ နိုင်ငံတွေအားလုံးရဲ့ Civilization အားလုံးတို့ဟာ ဘာသာစကားအဆင့်ဆင့် ပြောင်းလဲမြင့်မားလာမှု၊ သတင်းစကားတွေကို စနစ်တကျ မှန်မှန်ကန်ကန် ဖြန့်ဝေနိုင်ခဲ့မှုစတဲ့အရာတွေ ဖွံ့ဖြိုးလာခဲ့ခြင်းကြောင့် ပိုမိုတိုးတက်လာခဲ့တယ်ဆိုတာ ဘယ်သူမှ မငြင်းဆန်နိုင်တဲ့အချက်ဖြစ်ပါတယ်။ လူသားတွေ အသိဉာဏ်ပညာတွေ ဖွံ့ဖြိုးမြင့်မားလာခဲ့ရတာဟာ လူသားအချင်းချင်း အပြန်အလှန် ပြောဆိုတဲ့စကား၊ ရေးသားတဲ့စာတွေကို မျှဝေနားလည်ပြီး အဆင့်ဆင့် မြင့်မားတိုးတက်ခဲ့ကြတာ ဖြစ်ပါတယ်။

ပြည်သူတွေကို သတင်းအချက်အလက် မှန်မှန်ကန်ကန်ပေးခြင်းဟာ မီဒီယာလောကသား သတင်းသမားတွေရဲ့ တာဝန်ဖြစ်ပါတယ်။ မှန်ကန်ရမယ်၊ ပြည်သူအတွက် အကျိုးရှိစေရမယ်၊ စေတနာမေတ္တာအပြည့်နဲ့ ဆောင်ကြဉ်းပေးရပါမယ်၊ ပြည်သူများကောင်းကျိုးအတွက် အမှန်တကယ်လိုအပ်လာပြီဆိုရင် ပြည်သူကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သိသင့်သိထိုက်သမျှကို စေတနာအရင်းခံပြီး တင်ဆက်ကြရမှာက သတင်းသမားတွေအားလုံးရဲ့ အဓိကကျတဲ့ တာဝန်ဝတ္တရားတစ်ခုပဲဖြစ်ပါတယ်။ မှန်ကန်တဲ့သတင်းစကား အချက်အလက်နဲ့ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေကို ရှေးရှုပြီး လွတ်လပ်စွာ ပြောဆိုရေးသားခြင်းက လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးသက်ရောက်စေမှာ အသေအချာပဲ ဖြစ်ပါတယ်။

မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ အတုမရှိ ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့တာ ရှိပါတယ်။ မှန်ကန်သော၊ အကျိုးရှိသောစကားကို အခါအားလျော်စွာ မေတ္တာဖြင့်ရှေးရှု၍ ပြောတဲ့စကားကို သူနှစ်လိုသည်ဖြစ်စေ၊ မနှစ်လိုသည်ဖြစ်စေ ပြောဆိုအပ်သည်ဆိုပြီး ဟောကြားတော်မူခဲ့ပါတယ်။ **"ကတိသစ္စာတည်သောခါဝယ်ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"** ဆိုတဲ့ မြန်မာတို့ရဲ့ အစဉ်အလာဆိုရိုးစကားလည်း ရှိခဲ့ပါတယ်။ မှန်ကန်တဲ့အလုပ်ကိုလုပ်တာ၊ မှန်ကန်တဲ့စကားကို ပြောတာ၊ မှန်ကန်တဲ့အတွေးကို တွေးတောဆင်ခြင်နိုင်တာဟာ လူ့လောကအတွင်းက လောကီသစ္စာပဲ ဖြစ်ပါတယ်။

လောကုတ္တရာသစ္စာလေးပါးရဲ့ အခြေခံအကျဆုံးဟာလည်း အမှန်ကိုသိခြင်းဖြစ်ပါတယ်။ သစ္စာ၊ ဓမ္မဆိုတာဟာ ကျင့်ဝတ်လက္ခဏာအရ အခြေခံကျတဲ့လူ့တန်ဖိုးအနှစ်သာရ ဖြစ်ပါတယ်။ ဒါကြောင့် ကတိ – တည်ကြည်ဖြောင့်မတ်ခြင်း၊ သစ္စာ–အမှန်တရားနှင့်ညီခြင်း၊ ဓမ္မ–တရားမျှတခြင်း (အဂတိတရားကင်းစင်ခြင်း) ဆိုတာကို မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးက အလေးအနက်အထူး တန်ဖိုးထားခဲ့ကြတာဖြစ်ပါတယ်။ ထိုအရာတွေဟာ အခြေခံကျင့်ဝတ်အရည်အသွေးလက္ခဏာတွေရဲ့ မူလအရင်းခံတွေအဖြစ် မြန်မာနိုင်ငံသားတွေဟာ လိုက်နာကျင့်သုံးလေ့ရှိကြပါတယ်။

### ပြည်သူတွေရဲ့ နားနဲ့မျက်စိ

ထို့အတူ သစ္စာနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မှားယွင်းတဲ့အကြောင်းအရာတွေကို မှန်ကန်သယောင် ပြောဆိုလုပ်ကိုင်တာ၊ မဟုတ်မမှန်သတင်းတွေကို လုပ်ကြံတာ၊ ဟုတ်သယောင်သတင်းတွေ ဖြန့်ချိတာ၊ စွပ်စွဲပုတ်ခတ်တာတွေဟာ သစ္စာမတည်ကြည်တဲ့လုပ်ရပ်တွေဖြစ်ပါတယ်။ သတင်းအချက်အလက်ဆိုတာ ပြည်သူတွေရဲ့ နားနဲ့မျက်စိတွေ ဖြစ်ပါတယ်။ မှားယွင်းတဲ့အကြောင်းအရာတွေကိုမှန်သယောင်အဓမ္မဖြစ်လာအောင် သွေးဆောင်ဖြားယောင်းမှိုင်းတိုက်ခြင်းဟာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ပျက်စီးစေတတ်တယ်ဆိုတာကိုလည်း သတိပြုကြစေလိုပါတယ်။

အဓမ္မတရားတွေဟာ ပြုသူကိုရော၊ အပြုခံရသူကိုရော ကောင်းကျိုးချမ်းသာကို မပေးတတ်ပါဘူး။ နေလာရင် နှင်းပျောက်သကဲ့သို့ မှန်ကန်သောသတင်းစကားဟာ အချိန်ကာလတစ်ခုကို ရောက်လာရင် နေထွက်လာသလို နှင်းထုကဲ့သို့ မုသာဝါဒသတင်းစကားအတုအယောင်တွေကို တိုက်ဖျက်နိုင်မှာပဲဖြစ်ပါတယ်။ လက်ရှိမှာ မသမာတဲ့အကြံအစည်နဲ့ ရေးသားထုတ်လွှင့်နေကြတဲ့ မဟုတ်မမှန်သတင်းစကားတွေဟာ အချိန်ရဲ့ဆုံးမစီရင်ခြင်းကို မလွဲမသွေ ခံကြရမှာဖြစ်ပါတယ်။ အဓမ္မသတင်းစကားတွေ ရပ်တန့်ကရပ်ကြဖို့နဲ့ ပြည်သူတွေ နားနဲ့မျက်စိ မှန်မှန်ကန်ကန်သိမြင်ကြဖို့ဆိုတာ ပြည်သူတွေအားလုံးက စုပေါင်းတိုက်ထုတ်ကြမှသာ အမြန်ဆုံး ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။

တိုးတက်လာတဲ့ နည်းပညာအကူအညီကြောင့် ဖုန်းတစ်လုံးရှိရုံနဲ့ လူတိုင်းဟာ သတင်းအချက်အလက်တွေကို မျှဝေနိုင်မယ်၊ ဖြန့်ဖြူးနိုင်မယ်ဆိုတဲ့ ကောင်းကျိုးတွေ ခံစားရလာနိုင်ပါပြီ။ ပြည်သူတွေရဲ့ သတင်းရယူမှုပုံသဏ္ဌာန်တွေ တိုးတက်မြင့်မားလာတာနဲ့အမျှ ကောလာဟလ၊ အတုအယောင်သတင်းတွေနဲ့ ဖြစ်ရပ်မှန်သတင်းအချက်အလက်တွေအကြား ပြည်သူတွေဟာ သတင်းအချက်အလက်အတည်ပြုဖို့ ခက်ခဲလာရပါတယ်။ အမှန်နဲ့အမှား၊ တရားမျှတခြင်းနဲ့ မတရားအဓမ္မပြုခြင်း၊ ကောင်းကျိုးတည်ဆောက်ခြင်းနဲ့ နှောင့်ယှက်ဖျက်ဆီးခြင်းစတဲ့ ဝိရောဓိတရားတွေက အားပြိုင်လွန်ဆွဲနေကြတဲ့ သတင်းမီဒီယာလောကမှာ ပြည်သူတွေဟာ အချက်အလက်အမှားတွေကြား သံသရာလည်ရတဲ့ အဖြစ်မျိုးတွေ ကြုံနေကြရတာကိုလည်း မြင်တွေ့နေရပါတယ်။

### မျက်စိနဲ့နားကို ပိတ်ဆို့ထားတာဖြစ်

နိုင်ငံတော်ရဲ့ဆောင်ရွက်ချက်တွေကို ပြည်သူတွေသိရှိမှာစိုးတဲ့ အဓမ္မအဖွဲ့သားတွေဟာ သတင်းအမှောင်ချနိုင်ဖို့အတွက် သတင်းထုတ်လွှင့်ချိန်တွေမှာ သံပုံးတွေတီးတာ၊ ပြည်သူတွေကို မှန်ကန်တဲ့သတင်းအချက်အလက်တွေမရနိုင်အောင် ပိတ်ဆို့တားဆီးတာ၊ ဖျက်ဆီးနှောင့်ယှက်တာတွေ လုပ်ကိုင်လာကြတာကိုလည်း ဝမ်းနည်းဖွယ် မြင်တွေ့ရပါတယ်။ ထိုကဲ့သို့ အနိုင်ကျင့်ဖိနှိပ်မှုတွေအပြင် ပြည်သူတွေကို လှည့်စားလိမ်ညာပြီး သတင်းအမှားတွေကိုလည်း အဆက်မပြတ်ထုတ်လွှင့်၊ အချက်အလက်အမှားတွေ ပြည်သူတွေအကြား နည်းအမျိုးမျိုးနဲ့ ဖြန့်ဖြူးတာတွေကိုလည်း လုပ်ဆောင်နေကြတာတွေဟာ ပြည်သူလူထုရဲ့ မျက်စိနဲ့နားကို ပိတ်ဆို့ထားတာဖြစ်ပြီး ပြည်သူတွေရဲ့ သတင်းသိပိုင်ခွင့်ကို နှောင့်ယှက်စော်ကားခြင်းပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအရေးကို နိုင်ငံတကာက စောင့်ကြည့်အကဲဖြတ်နေချိန်မှာ ပြည်သူတွေဟာ မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာက သတ်မှတ်သဘောထားတဲ့သတင်းအချက်တွေ၊ လက်ရှိအခြေအနေနဲ့ တိုးတက်မှုအပြောင်းအလဲ၊ နိုင်ငံတော်ရဲ့ရှေ့လုပ်ငန်းစဉ် စတာတွေကို မျက်ခြည်မပြတ်ကြဖို့ အထူးလိုအပ်ချိန်လည်း ဖြစ်ပါတယ်။ ကမ္ဘာ့လူသားအားလုံးအတွက် တည်ငြိမ်အေးချမ်းတဲ့လူ့ဘောင်ကို တည်ဆောက်ရာမှာ မှန်ကန်သော၊ တရားမျှတသော၊ ကောင်းကျိုးရစေသော မေတ္တာတရားနဲ့ယှဉ်တွဲတဲ့ ပြုံးရွှင်ချိုသာ လွတ်လပ်စွာပြောဆိုရေးသားခြင်းတွေ ပိုမိုထွန်းကားကျယ်ပြန့်ဖို့ လိုအပ်နေချိန်လည်း ဖြစ်တာကြောင့် လူသားအားလုံးရဲ့ နားနဲ့မျက်စိဖြစ်တဲ့ သတင်းအချက်အလက် ဖြန့်ဖြူးသူတွေကလည်း ကျင့်ဝတ်နဲ့အညီ၊ တိုင်းပြည်နဲ့ ပြည်သူအကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်မယ့် သတင်းအချက်အလက်များကို ပေးအပ်နိုင်ပါစေကြောင်း အလေးအနက်ပြုဆုတောင်းရင်း မေလ ၃ ရက်နေ့မှာ ကျရောက်မယ့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) ကို ကြိုဆိုလိုက်ရပါတော့တယ်။ ။

**အဓမ္မတရားတွေဟာ ပြုသူကိုရော၊ အပြုခံရသူကိုရော ကောင်းကျိုးချမ်းသာကို မပေးတတ်ပါဘူး။ နေလာရင် နှင်းပျောက်သကဲ့သို့ မှန်ကန်သောသတင်းစကားဟာ အချိန်ကာလတစ်ခုကိုရောက်လာရင် နေထွက်လာသလို နှင်းထုကဲ့သို့ မုသာဝါဒသတင်းစကားအတုအယောင်တွေကို တိုက်ဖျက်နိုင်မှာပဲဖြစ်ပါတယ်။ လက်ရှိမှာ မသမာတဲ့အကြံအစည်နဲ့ ရေးသားထုတ်လွှင့်နေကြတဲ့ မဟုတ်မမှန်သတင်းစကားတွေဟာ အချိန်ရဲ့ဆုံးမစီရင်ခြင်းကို မလွဲမသွေခံကြရမှာဖြစ်ပါတယ်။ အဓမ္မသတင်းစကားတွေ ရပ်တန့်ကရပ်ကြဖို့နဲ့ ပြည်သူတွေ နားနဲ့မျက်စိ မှန်မှန်ကန်ကန်သိမြင်ကြဖို့ဆိုတာ ပြည်သူတွေအားလုံးက စုပေါင်းတိုက်ထုတ်ကြမှသာ အမြန်ဆုံးဖယ်ရှားနိုင်မှာဖြစ်။**

# ဆေးတက္ကသိုလ်ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ရှိ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆေးတက္ကသိုလ် ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ မှာကြားသည်။

**များစွာအကျိုးရှိမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံကြီးများ လုပ်ငန်းပြန်လည် လည်ပတ်နေပြီဖြစ်သဖြင့် သက်ဆိုင်ရာပါမောက္ခ/ဌာနမှူးများ၊ ward in charge များ၏ ကြိုးစားမှုကို ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ယခုထက်ပို၍ ကြိုးစားစေချင်ပါကြောင်း၊ ယခုလက်ရှိ ကြုံတွေ့နေရသည့် အခက်အခဲများကို စည်းလုံးမှုအင်အားဖြင့် ကျော်ဖြတ်စေလိုပါကြောင်း၊ ဆေးကုသရေးလုပ်ငန်းများ ပုံမှန်အတိုင်း မဆောင်ရွက်နိုင်ပါက အချိန်ကြာလာသည်နှင့်အမျှ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်လာမည်ဖြစ်ပြီး ကျန်းမာရေး အသုံးစရိတ်အတွက် မိမိအိတ်ထဲမှ စိုက်ထုတ်သုံးစွဲငွေ (Out of pocket expenditure) တက်လာမည်ဖြစ်ပါကြောင်း၊ ဆေးရုံများပုံမှန်အတိုင်း ၂၄ နာရီ ပြန်လည်ဖွင့်လှစ်နိုင်ပါက ပြည်သူလူထုအတွက် များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း။

ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများ မဆောင်ရွက်နိုင်ပါက မကြာမီနှစ်များအတွင်း ငါးနှစ်အောက်ကလေး သေဆုံးမှုများ မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယခုအချိန်တွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လိုကြသော်လည်း social media များပေါ်မှ social bullying လုပ်ခံရမည်ကို စိုးရိမ်၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသည်ကို သိရှိရပါကြောင်း၊ social bullying ဦးဆောင်ပြုလုပ်နေသူများကိုလည်း ဝန်ကြီးဌာနသို့ hotline/email များဖြင့် သတင်းပို့ထားသဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး အတွက်ဖြစ်ပါကြောင်း။

ဘွဲ့လွန်သင်တန်းသားများအနေဖြင့် သတ်မှတ်ထားသည့် ကျောင်းခေါ်ကြိမ် ၉၀ ရာခိုင်နှုန်း ပြည့်မီရမည်ဖြစ်ပါကြောင်း၊ လက်ထောက်ဆရာဝန်များ အတွက် ဘွဲ့လွန်ဝင်ခွင့်သင်တန်းလျှောက်လွှာ ပိတ်ရက်များကို တိုးမြှင့်ထားပါကြောင်း၊ ထို့အပြင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ဆေးတက္ကသိုလ်သို့ ဝင်ရောက်နိုင်ရေး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများသည် အရေးကြီးပါကြောင်း၊ အငြိမ်းစားယူခါနီး ဆရာ/ဆရာမကြီးများ အနေဖြင့်လည်း မိမိတို့အငြိမ်းစားယူသည့်အခါ မိမိတို့ဌာန တိုးတက်ကျန်ရစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်ကတိသစ္စာနှင့် ကျင့်ဝတ်ကို လိုက်နာရမည့်အပြင် ဆရာ့ကျင့်ဝတ်ကိုပါ လိုက်နာရမည်ဖြစ်ပြီး မိမိတို့၏ တပည့်များကို လမ်းမှားမရောက်အောင် ထိန်းကျောင်းပေးရန်နှင့် အမွေဆိုးမပေးခဲ့ရန်လိုပါကြောင်း၊ ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ ဖြေလျှော့ပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းခွင်သို့ ပြန်လည်တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့သည့်ကာလမှစ၍ ယနေ့အချိန်ထိ မိမိတို့ဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူလူထုများ၊ စေတနာ့ဝန်ထမ်းများက ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင်သွားရောက်နေသူများအနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် အကျိုးရှိမည့် အသိပညာ၊ အတတ်ပညာကောင်းများကို သင်ယူရမည်ဖြစ်သော်လည်း မိမိတို့သည် တိုင်းတစ်ပါး၏ ခြယ်လှယ်ကြိုးကိုင်မှု စေခိုင်းမခံရအောင် သတိချပ်ရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် မိမိတို့ Professional ၏ လိုအပ်ချက်များကို တာဝန်ရှိသူအသီးသီးက ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေး သက်ဆိုင်ရာဌာနမှူးများတွင် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းခွင်မှဝေးကွာနေသည့် မိမိတို့၏ လုပ်ဖော်ကိုင်ဖက် တပည့်သားသမီးများကို လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာအောင် စည်းရုံးခေါ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက လက်ရှိဖွင့်လှစ်လျက်ရှိသည့် ဘွဲ့လွန်သင်တန်းများအခြေအနေ၊ မေ ၃ ရက်မှ စတင်၍ ဘွဲ့လွန်သင်တန်းသားများ၏ ကျောင်းခေါ်ကြိမ် ၉၀ ရာခိုင်နှုန်း ပြည့်မီရေး၊ ဘွဲ့လွန်နှင့် ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံသို့ အိမ်နီးချင်းနိုင်ငံများမှ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ် မဝင်ရောက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားနိုင်ရေး၊ ဝေဘာဂီအထူးကုဆေးရုံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာများ လက်ခံကုသနိုင်ရေး၊ contact tracing လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ Quarantine Centre များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး၊ မြို့နယ်ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုများအား အနီးကပ်ကြီးကြပ်သွားနိုင်ရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်(၁) ရန်ကုန်ရှိ သန္ဓေဝန်ထမ်းများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ပရဝဏ် စိမ်းလန်းစိုပြည်ရေး၊ လုံခြုံရေး၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ရေးတို့နှင့်ပတ်သက်၍ မှာကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်(၁) နှင့် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာအေးထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ရွှေနှင့် ပါမောက္ခ/ဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)သို့ စစ်ဆေး



**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧပြီ ၂၉ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်အောက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)သို့ ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

စစ်ဆေးစဉ် စခန်းအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝန်ကြီးဌာနဘတ်ဂျက်ဖြင့် တော်ဝင်ရွှေနန်းကုမ္ပဏီမှ ငွေကျပ် ၂၁၃ ဒသမ ၅၀၅ သန်းဖြင့် တင်ဒါအောင်မြင် ဆောက်လုပ်လျက်ရှိသော ပေ ၁၀၀ x ပေ ၄၀ လေးခန်းတွဲ RC နှစ်ထပ် ဝန်ထမ်းအိမ်ရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေနှင့် ပိုင်ဖြိုးခန့်ကုမ္ပဏီမှ ငွေကျပ် ၁၂၈ ဒသမ ၁၉၉၉ သန်းဖြင့် တင်ဒါအောင်မြင် ဆောက်လုပ်လျက်ရှိသော ပေ ၆၀ x ပေ ၄၀ RC နှစ်ထပ် စခန်းရုံး ၇၀ ရာခိုင်နှုန်း ပြီးစီးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် အရည်အသွေးကြံ့ခိုင်ကောင်းမွန်ရေး၊ သတ်မှတ်လျာထားသည့်အတိုင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁**

ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် မူလတန်းကြိုကျောင်းများ၊ ကလေးပြုစုရေးဌာနများ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် လူငယ်ရေးရာမူဝါဒကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး အမျိုးသားအဆင့် မဟာဗျူဟာပါ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီကို ပြန်လည်ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအနေဖြင့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းများ၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ကြီးရွယ်အိုများဘဝ မြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားရှိပြီးဖြစ်သလို နည်းဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် မျက်မမြင်ကျောင်းများ၊ နားမကြားသောကလေးများကျောင်းများ၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထောက်ပံ့ငွေပေးအပ်လျက်ရှိ**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအနေဖြင့် ၎င်းတို့တည်ထောင်ဖွင့်လှစ်ထားရှိသော ပရဟိတဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် ထောက်ပံ့ငွေပေးအပ်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏မူဝါဒဖြစ်သည့် ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိစေရေးဆိုသည့်မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းများကဏ္ဍအလိုက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းကော်မတီ ၁၂ ခုကိုလည်း ဖွဲ့စည်းထားရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင်လည်း သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ ဦးဆောင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကိုလည်း အဆင့်ဆင့်ထပ်မံ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘေးဒဏ်ကို လက်တွေ့ရင်ဆိုင် ကြုံတွေ့ခံစားရသည့် ပြည်သူလူထု၏ သဘာဝဘေး အသိပညာတိုးပွားရေး၊ ရပ်ရွာများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားရေးတို့ကိုလည်း လူမှုရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြောကြား**

မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေး၊ ထိခိုက်လွယ်အုပ်စုများကို ပိုမိုပံ့ပိုးနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အခြေခံကျသော စာရင်းဇယားအချက်အလက်များ ရရှိနိုင်ရေးနှင့် အကျိုးခံစားခွင့်ရှိသည့် ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၄၄၉၄ ဒသမ ၅၁ သိန်း၊ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၃၃၂၉ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၉၉၈ ဒသမ ၇ သိန်း၊ မသန်စွမ်းသူ ၆၉၁၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၀၇၅ ဒသမ ၄ သိန်း၊ ထောက်ပံ့ငွေကျပ်စုစုပေါင်း ၁၀၅၆၈ ဒသမ ၆၁ သိန်းကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြရာ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် တက်ရောက်လာသူများကိုယ်စား (တောင်ကြီးမြို့၊ ဘုရားဖြူမသန်စွမ်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ) (သူငယ်တော်ယေဇူးကျောင်း)၏ ဂေဟာမှူး စစ္စတာ ကလားရာတင်ညိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ပြည်နယ်အဆင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

တွေ့ဆုံစဉ် သက်ဆိုင်ရာဌာနတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လတ်တလောဖြေရှင်းပေးရမည့်ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် The Project for improvement of Aircraft Surveillance System တွင် ပါဝင်သော လုပ်ငန်းဖြစ်သည့် Aircraft Surveillance Radar–ASR တပ်ဆင်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တပ်ဆင်ပြီးဖြစ်သည့် ရေဒါအမှတ်(၂)ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် မကျရောက်စေရေးအတွက် ကာကွယ်စီမံမှုများထားရှိ ဆောင်ရွက်သွားကြရန် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေကြောင်းထိန်းမျှော်စင်သို့သွားရောက်၍ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ခံများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်ပျံသန်းနိုင်ရေးကို အဓိကဦးစားပေးဆောင်ရွက်ရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ ဘုမေရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းရှိ အဆိုပါ ရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။





### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ရုံးအဆောက်အအုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရုံးဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ရုံးအဆောက်အအုံသစ်နှင့် ခင်းကျင်းပြသထားသော တိုင်းရင်းသား ပုံပြပုံပြင်စာအုပ်များ၊ တိုင်းရင်းသားဒေသ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်ထဲတွင် လူမှုရေးဦးတည်ချက်ဖြစ်သည့် “တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး” ဟူသော ဦးတည်ချက်နှင့်အညီ ရခိုင်ပြည်နယ်အတွင်းရှိသည့် တိုင်းရင်းသားများ အားလုံးအရေးကိစ္စအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်ပြီးမြောက်အောင် အနီးကပ်စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ် ပထဝီအနေအထားအရ လူဦးရေများပြားသည့် အိမ်နီးချင်းနိုင်ငံတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများ လွှမ်းမိုးဝင်ရောက်နိုင်သည်ကို သတိပြုစေချင်ပါကြောင်း၊ စကားပျောက်လျှင် ယဉ်ကျေးမှုပါ ပပျောက်မည်ဖြစ်ပြီး ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်သွားနိုင်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူ ပုဒ်မ ၂၂ တွင် “တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများကို ဖော်ဆောင်ပေးရန်” ဟု ဖော်ပြထားပါကြောင်း၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများ ပိုမိုမြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာသင် (Teaching Assitant – TA / Language Teacher – LT) ဆရာ/ဆရာမများ စိစစ်ခန့်အပ်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ၂၀၁၇–၂၀၁၈ ခုနှစ်တွင် TA ၁၄၅ ဦး၊ LT ငါးဦး၊ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် TA ၁၄၈၂ ဦး ခန့်အပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၀–၂၀၂၁ ခုနှစ်တွင် TA လျာထား ၁၆၄၉ ဦးအတွက် အဆိုပြု လျှောက်ထားသူ ရခိုင် ၉၀၂၁ ဦး၊ ချင်း ၁၆ ဦး၊ ဗမာတစ်ဦး စုစုပေါင်း ၉၀၃၈ ဦးတို့၏ လျှောက်လွှာများကို စိစစ်လက်ခံခဲ့ပြီး ခန့်အပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆက်လက်ဖြန့်ဝေပေးသွားမည်

အဆိုပါ TA/LT ဆရာ/ဆရာမများ ပိုမိုခန့်ထားနိုင်ရေး၊ လုပ်အားခနှင့် ထောက်ပံ့ငွေများ ပိုမိုထောက်ပံ့နိုင်ရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ် ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁) တွင် လမ်းညွှန်မှာကြားခဲ့သည့်အတွက် မတ် ၂၄ ရက်တွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနကနေ နိုင်ငံတော်ရန်ပုံငွေ ထပ်မံတောင်းခံနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများသို့လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် စာပေသင်ကြားခွင့် တရားဝင်ရရှိပြီးဖြစ်သော တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသော ပုံပြပုံပြင်စာအုပ်များကို ဖြန့်ဝေပေးလျက်ရှိရာ ၂၀၁၉–၂၀၂၀ ခုနှစ်အတွက် စာအုပ်ပေါင်း ၉၀၆၁၄ အုပ်၊ ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် ၉၀၆၁၄ အုပ် ဖြန့်ဝေပေးခဲ့ပြီး ၂၀၂၁–၂၀၂၂ ခုနှစ်အတွက်လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်တွင် ရခိုင်၊ ခမီ၊ မြို၊ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန်၊ ချင်း စသည့် တိုင်းရင်းသားများ အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိကြပါကြောင်း၊ ဖော်ပြပါလူမျိုးစုများ၏ စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တရားဝင်အခွင့်အရေးများရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီမှုများ ပိုမိုဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ရခိုင်ပြည်နယ်သည် ပိုမိုအေးချမ်းသာယာလာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များလည်း ပိုမိုအောင်မြင်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသို့ နှစ်စဉ်ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ရခိုင်ပြည်နယ်အုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးမှတစ်ဆင့် ဒိုင်းနက် (သက္ကမ) တိုင်းရင်းသားတို့၏ ၂၀၂၁ ခုနှစ် သင်္ကြန် ဘီဇူးမေလာပန်းမျှော်ပွဲကျင်းပရန် ငွေကျပ် ၅၄ သိန်းနှင့် ဧပြီ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ခမီအမျိုးသားနေ့အတွက် ငွေကျပ် သိန်း ၂၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ထပ်မံ၍လည်း ကျန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ထပ်မံတောင်းခံလာပါက စိစစ်ပြီး ကူညီထောက်ပံ့မှုများ ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရွှေရောင်မေတ္တာဖောင်ဒေးရှင်းလူမှုကူညီရေးအသင်းကို ပါးစပ်နှင့် နှာခေါင်းစည်း (Mask) များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ (View Point) ပင်လယ်ကမ်းခြေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စစ်တွေဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲ ကျင်းပ



**ရန်ကုန် မေ ၁**

ပြည်ထောင်စုရှေ့နေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ လုပ်ငန်း အရှိန်အဟုန်မပျက်စေရေး အဓိကတိုက်တွန်း အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်လျက်ရှိသော လုပ်ငန်းပိုင်းဆိုင်ရာများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တွေ့ဆုံပွဲ တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရှေ့နေချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥပဒေအရာရှိများအတွက် ဒေသထွက် လက်ဆောင် စိန်တစ်လုံးသရက်သီးများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ထံ ပေးအပ်သည်။ **သတင်းစဉ်**

# အသိအမြင်ကြွယ်ဝ အမှန်မြင်ကြပါစေ ...

ကိုထွန်းခင်

နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံကိုကောင်းအောင်၊ ဆိုးအောင် ဖန်တီးနိုင်စွမ်းရှိတဲ့သူတွေ ဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူ့အကျိုးကို ထမ်းရွက်နေရသူတွေ ဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းတွေ စည်းကမ်းကောင်းဖို့၊ စွမ်းရည်ပြည့်ဝဖို့ကို အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေက လမ်းညွှန်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဝန်ထမ်းတွေ ကြိုးစားလိုစိတ်ရှိအောင်၊ လုပ်ချင်ကိုင်ချင်စိတ်ရှိအောင်၊ စိတ်အားထက်သန်အောင် မိမိကိုယ်ကိုယ်နှိုးဆော်ဖို့၊ လုပ်တတ်ကိုင်တတ်ကျွမ်းကျင်အောင်၊ ပရော်ဖက်ရှင်နယ်ဖြစ်အောင် လုပ်ငန်းဆိုင်ရာ အတတ်ပညာ၊ နည်းပညာတွေကို ကျွမ်းကျင်သထက် ကျွမ်းကျင်အောင် အမြဲဆည်းပူးလေ့လာဖို့၊ ရည်မှန်းချက်ထား ကြိုးစားဖို့ကိုလည်း တိုက်တွန်းနေပါတယ်။

**ထပ်ခါထပ်ခါ လေ့ကျင့်**

တတ်ချင်ရင်သင်၊ တော်ချင်ရင်တော့ လေ့ကျင့်ရမှာပဲဖြစ်ပါတယ်။ ထပ်ခါထပ်ခါ လေ့ကျင့်ခြင်းဖြင့် စိတ်အာရုံမှာ စွဲမြဲလာမှာဖြစ်ပါတယ်။ ဘာသာစကားသင်တန်းဆရာတစ်ဦး ပြောဖူးတာက စကားလုံးတစ်လုံးဟာ နားစည်ကို ၂၈ ကြိမ်လောက် လာရောက်ထိခတ်မိရင် အဲဒီစကားလုံးက မမေ့ပျောက်တော့ဘူး။ အလွတ်ရလာမယ်။ စွဲမြဲပြီး ကိုယ်ပိုင်စကားလုံး ဖြစ်လာမယ်၊ လှလှပပ ပြန်လည်သုံးစွဲနိုင်လာမယ်လို့ ပြောကြားဖူးတာ အမှတ်ရမိပါတယ်။

ဆိုလိုတာက အကြိမ်ကြိမ်လေ့ကျင့်ကြဖို့ပါ။ အလေ့အကျင့်များလာရင် ကျွမ်းကျင်ပိုင်နိုင်လာမယ်။ လုပ်ငန်းနယ်ပယ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် ထဲထဲဝင်ဝင် တတ်မြောက်လာမှာ ဖြစ်ပါတယ်။ အဓိကကတော့ ကြိုးစားနေဖို့ပါ။ ထက်သန်ပြင်းပြတဲ့စိတ်ဆန္ဒနဲ့သာကြိုးစားရင် မဖြစ်နိုင်ဘူး ဆိုတာမရှိပါဘူး။

အင်္ဂလိပ်စကားပုံတစ်ခုရှိပါတယ်။ A Strong Mind can move the mountains စိတ်ဆန္ဒသာ ပြင်းပြရင် ကြီးမားခိုင်ခံ့လှပါတယ်ဆိုတဲ့ အရာတွေကိုတောင် ရွှေ့ပစ်နိုင်တယ်၊ ဘာမဆိုဖြစ်နိုင်တယ်ဆိုတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရောက်နေတဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြဖို့လိုပါတယ်။ အထူးသဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့၊ ပြည်သူကို အလုပ်အကျွေးပြုနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ကြိုးစားကြဖို့၊ စေတနာမှန်ကြဖို့လိုပါတယ်။

**နိုင်ငံကို အုပ်ချုပ်တဲ့အစိုးရတစ်ရပ်က နိုင်ငံရဲ့ လုပ်ငန်းယန္တရား လည်ပတ်နိုင်အောင် မူဝါဒချမှတ်ပေးပြီး နိုင်ငံ့ဝန်ထမ်းတွေကတော့ မူဝါဒကို လိုက်ပါအကောင်အထည်ဖော်ရသူတွေ ဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းတွေ အသိပညာဗဟုသုတ ကြွယ်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာတာနဲ့အမျှ နိုင်ငံဟာ ပိုမိုတည်ငြိမ်အေးချမ်းလာမယ်။ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။**

**နိုင်ငံကို ဘယ်အစိုးရက စီမံအုပ်ချုပ်သည် ဖြစ်စေ နိုင်ငံ့ဝန်ထမ်းတွေက ကျင့်ဝတ်နဲ့အညီ ပေးအပ်ထားတဲ့ တာဝန်၊ ဝတ္တရားတွေကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ကြိုက်ခြင်း၊ မကြိုက်ခြင်းဆိုတာသည် စိတ်ခံစားချက်ဖြစ်ပြီး စိတ်ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ခွဲခြားသိမြင်ရမှာ ဖြစ်ပါတယ်။**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာ တပ်မတော်က နိုင်ငံတော်ရဲ့လုပ်ငန်းတာဝန်တွေကို ထိန်းသိမ်းခဲ့ရတာကို အာဏာသိမ်းတဲ့အစိုးရအဖြစ် ရှုမြင်အောင် NLD ပါတီဝင်တွေနဲ့ အဲဒီပါတီအပေါ် ဝန်းရံသူအချို့က

> ❖ **နိုင်ငံကို အုပ်ချုပ်တဲ့အစိုးရတစ်ရပ်က နိုင်ငံရဲ့ လုပ်ငန်းယန္တရား လည်ပတ်နိုင်အောင် မူဝါဒချမှတ်ပေးပြီး နိုင်ငံ့ဝန်ထမ်းတွေကတော့ မူဝါဒကို လိုက်ပါအကောင်အထည် ဖော်ရသူတွေဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းတွေ အသိပညာဗဟုသုတကြွယ်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာတာနဲ့အမျှ နိုင်ငံဟာ ပိုမိုတည်ငြိမ်အေးချမ်းလာမယ်။ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်။**
>
> ❖ **နိုင်ငံကို ဘယ်အစိုးရက စီမံအုပ်ချုပ်သည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်းတွေက ကျင့်ဝတ်နဲ့အညီ ပေးအပ်ထားတဲ့တာဝန်၊ ဝတ္တရားတွေကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ကြိုက်ခြင်း၊ မကြိုက်ခြင်းဆိုတာသည် စိတ်ခံစားချက်ဖြစ်ပြီး စိတ်ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ခွဲခြားသိမြင်ရမှာဖြစ်။**

လှုံ့ဆော်လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံရပ်ခြားကို ရောက်နေသူတွေ၊ ကိုယ်တိုင်က အိမ်အပြင်မထွက် အွန်လိုင်းပေါ်မှ နိုင်ငံရေးခံယူချက် ပြင်းထန်နေသူ အချို့တွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့်လည်း နိုင်ငံ့ဝန်ထမ်းအချို့ဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်ဆိုတဲ့ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ကို ဖောက်ဖျက်၊ လုပ်ငန်းတာဝန်တွေကို ပစ်ပယ်ပြီး ဆူပူအုံကြွမှုတွေမှာ ရောယောင်ပါဝင်ခဲ့ကြပါတယ်။

**အမိုက်မှောင်ကို တစ်လှမ်းချင်းတိုးဝင်**

အများအကျိုးအတွက် လိုအပ်လာရင် တော်လှန်ရေးသမားဖြစ်ခွင့်ရှိတယ်လို့ ကြွေးကြော်၊ ပြည်သူ့အကျိုးကို မျက်ကွယ်ပြုပြီး ပါတီစွဲ၊ ဝါဒစွဲ၊ လူပုဂ္ဂိုလ်စွဲတွေနဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM မှာ မျက်ကန်းတစ္ဆေမကြောက် အမိုက်မှောင်ကို တစ်လှမ်းချင်း တိုးဝင်ခဲ့ကြပါတယ်။ အစိုးရရုံးတွေနဲ့ ဘဏ်တွေအားလုံး မလည်ပတ်နိုင်ရင် အာဏာထိန်းအစိုးရကို အကျပ်ကိုင်နိုင်မယ်လို့ တွက်ဆထားပုံရပါတယ်။ ဒီအတွက် တစ်ပါတည်း နိုင်ငံ့ဝန်ထမ်းတွေကို ငွေကြေးထောက်ပံ့မယ့်အစီအစဉ်တွေကိုလည်း ထည့်သွင်းရေးဆွဲခဲ့တယ်လို့ ထင်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းအချို့ဟာ ငွေကြေးထောက်ပံ့မှုငွေ၊ ဆုကြေးတွေ၊ အခွန်ကင်းလွတ်ခွင့်တွေ၊ False Hope တွေရဲ့ ဖြားယောင်းမှုမှာ သတိလက်လွတ်မိန်းမောရင်း နှစ်ကာလများစွာ **တည်ဆောက်ခဲ့တဲ့၊ လတ်တလော အရိပ်အာဝါသပေးနေတဲ့ အသိုက်အမြုံကို ဖြိုချစွန့်ခွာခဲ့ကြပါတယ်။**

ဘဝရပ်တည်မှုအတွက်၊ မိသားစုစားဝတ်နေရေးအတွက် မငဲ့ကွက်၊ လတ်တလော စိတ်ခံစားချက်ကို မထိန်းနိုင်တာကြောင့် လူမမည်ကလေးတွေ၊ သက်ကြီးရွယ်အို မိဘဘိုးဘွားတွေ၊ မိသားစုတွေပါ ဝန်ထမ်းအိမ်ရာကနေ ဖယ်ပေးလိုက်ရပြီး အနေအစားပျက်ကာ အတိဒုက္ခရောက်နေကြရတာကိုလည်း ရတက်မအေးဖွယ် တွေ့မြင်နေရပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေ ၅၄ သန်းကျော်ရှိတဲ့အနက် နိုင်ငံ့ဝန်ထမ်းအရေအတွက်က တစ်သန်းကျော်ရှိပြီး CDM မှာ ပါဝင်သူအရေအတွက်က သောင်းဂဏန်းသာ ရှိပါတယ်။ အဲဒီ သောင်းဂဏန်းထဲမှာမှ အချို့တွေဟာ ယုံကြည်ချက်ကြောင့် CDM မှာ ပါဝင်တာမျိုးမဟုတ်ဘဲ အများညီလို့ ဤကို ကျွဲဖတ်ခဲ့ကြသူတွေဖြစ်ပါတယ်။ အချို့ဆိုရင် နိုင်ငံ့ဝန်ထမ်းလုပ်သက် အနှစ် ၂၀ ကျော်လောက် ရင်းနှီးလာတဲ့ လုပ်ငန်းခွင်ကို သူငယ်ချင်းကြောင့်၊ ချစ်သူရည်းစားကြောင့်၊ ဇနီး၊ ခင်ပွန်းကြောင့်၊ လတ်တလောလုပ်ငန်းခွင်မှာ စိတ်အခန့်မသင့်စရာ အခြေအနေတစ်ခုခုကြောင့် စသဖြင့် CDM မှာ ပါဝင်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

**ကြောက်ရွံ့ပြီး ပါဝင်ခဲ့ကြရ**

အချို့က မိမိရဲ့အလုပ်ကို အမှန်တကယ်တန်ဖိုးထားချစ်မြတ်နိုးတဲ့သူတွေ၊ သူ့ရဲ့နိုင်ငံ့ဝန်ထမ်းလစာတစ်ခုတည်းအပေါ်မှာပဲ မိသားစုမှီခိုနေရသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် လက်သီးလက်မောင်းတန်းပြီး လှုံ့ဆော်ပြနေသူတွေ၊ သွေးထိုးလှုံ့ဆော်သူတွေရဲ့ မြှောက်ပင့်မှုတွေ၊ CDM မှာ မပါဝင်ရင် သစ္စာဖောက် နီးနီးပြောဆိုမှု၊ Social Punishment ပြုလုပ်ခံရမယ်လို့ ခြောက်လှန့်မှုတွေကြောင့်လည်း ကြောက်ရွံ့ပြီး မဖြစ်မနေ ပါဝင်ခဲ့ကြရတာဖြစ်ပါတယ်။ ဆရာ ဆရာမ အချို့ကတော့ တည်ဆဲအစိုးရကြောင့် မဟုတ်ဘဲ တပည့်တွေရဲ့စော်ကားမော်ကားပြောဆိုရေးသားမှုတွေအပေါ် စိတ်ကုန်၊ စိတ်ပျက်ပြီး ရုံးမတက်၊ ကျောင်းပျက်နေကြတယ်လို့ ကြားသိရပါတယ်။ **ဘယ်လိုပင်ဖြစ်စေ ဒီဖြစ်စဉ်မှာ ဝန်ထမ်းတွေရဲ့ ဘဝတွေ တော်တော်များများ စတေးခဲ့ကြရပါတယ်။**

နိုင်ငံ့ဝန်ထမ်းတွေကို လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ကြဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သည်းခံစောင့်ဆိုင်းပေးမှုတွေ၊ အကြိမ်ကြိမ်မေတ္တာရပ်ခံမှု၊ ဖျောင်းဖျမှုတွေ လုပ်ဆောင်ခဲ့ပေမယ့် အင်အားကြီးနိုင်ငံတွေရဲ့ ကိုယ်ကျိုးစီးပွားအရ၊ ဩဇာအာဏာအရ အားပြိုင်ကြရာမှာ နိုင်ငံတကာမြင်ကွင်းကျယ် အသိအမြင်မကြွယ်တဲ့ နိုင်ငံ့ဝန်ထမ်းအချို့တို့ရဲ့ဘဝတွေ ရေစုန်မျောခဲ့ရပါတယ်။

CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေအရ ဌာနဆိုင်ရာ အရေးယူခံခဲ့ရတာရှိသလို ရာဇဝတ်ကြောင်းအရ တရားစွဲဆိုတာ၊ အပြစ်ပေးအရေးယူခံခဲ့ရတာတွေလည်း ရှိခဲ့ရပါတယ်။

အခုဆိုရင် ယုံကြည်သလို ဖြစ်မလာတဲ့အခါ CDM လှုပ်ရှားမှုမှာပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းအချို့လည်း နားလည်သဘောပေါက်သင့်သလောက် သဘောပေါက်လာခဲ့ပြီး CDM လှုပ်ရှားမှုတွေကလည်း မီးညွန့်ကျိုးလာပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း CDM လှုပ်ရှားမှုမှာပါဝင်လို့ အရေးယူခံရတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ချမှတ်ထားတဲ့ ပြစ်ဒဏ်တွေ လျှော့ပေါ့ပြောင်းလဲစေပြီး နိုင်ငံ့ဝန်ထမ်းတာဝန်တွေကို ပြန်လည်ထမ်းဆောင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်နေပြီဖြစ်တာကြောင့် အနာဂတ်အမိနိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ အသိပညာပြည့်ဝတဲ့ ဝန်ထမ်းကောင်းတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် ပူးပေါင်းပါဝင်ကြဖို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။ ။

---

◆ **ကျောဖုံးမှ**

"မိုးကညီတော့ မညီလောက်ဘူး။ ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့ အနောက်ဘက်ရွာတွေမှာ မိုးက မွန်းလွဲ ၁ နာရီလောက်ကတည်းက တံစက်မြိတ်ကျရုံလောက် ရွာရာကနေ ၂ နာရီခွဲလောက်ကနေ မိုးသီး မိုးပေါက်တွေရော လေရောကြမ်းပြီး ရွာလိုက်တာ တစ်နာရီလောက်ကြာတယ်။ ကျွန်တော်ဆို မနေ့က (၂၈ ရက်နေ့ ညနေ) ရွာတဲ့မိုးနဲ့ မနက်ပိုင်း နှမ်းဖြူတစ်ခင်းကြဲထားတာ ညနေရွာတဲ့မိုးကကြမ်းတော့ သောင်ထွန်းပြီး အကုန်လုံးရေပါကုန်တာ။ အဲဒါ ဒီနေ့ပြန်ကြဲရတယ်။ ကျောက်ပန်းတောင်း တောင်ဘက်ရွာတွေလည်း မိုးသီးကျပြီး ကြဲဖြစ်အောင်တော့ ရွာတယ်ပြောတာပဲ။ ဒီနှစ်တော့ မိုးဦးလေဦးမှန်တဲ့ သဘောပေါ့ဗျာ" ဟု အရှေ့အင်တိုင်းကျေးရွာမှ တောင်သူ ဦးဇော်ဝင်းက ပြောသည်။

**ဈေးကြီးပေးဝယ်ယူ**

တောင်သူများ လုပ်ငန်းခွင်စောစီးစွာ ဝင်ရောက်ခွင့်ရရန် မိုးမှန်လေမှန်ခဲ့သော်လည်း ပဲနှင့် နှမ်းမျိုးကို မျိုးချန်မထားနိုင်သော တောင်သူများမှာ ဈေးကြီးပေးဝယ်ယူ၍ ကြဲပက်နေရကြောင်း သိရကာ နှမ်းအဖြူတစ်တင်းမှာ ငွေကျပ် ၄၇၀၀၀ မှ ၅၀၀၀၀ အထိပေးရပြီး နှမ်းအနက်တစ်တင်းမှာ ငွေကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ အထိပေးရကြောင်း၊ မျိုးမြေပဲအနေဖြင့် ပင်ထောင်ပဲဆန် တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၀၀၀၀ အထိပေး၍ ဝယ်ယူစိုက်ပျိုးရကြောင်း၊ ထွန်ယက်ခအနေဖြင့် နွားတစ်ရှဉ်းငှားရမ်းခ တစ်မနက်လျှင် ငွေကျပ် ၁၅၀၀၀ ပေးရပြီး ၁၆ သွားလယ်ထွန်စက်ငှားရမ်းခမှာ တစ်နာရီလျှင် ငွေကျပ်၂၀၀၀၀ ပေးချေကြရကြောင်း သိရသည်။

နွားရှဉ်းနှင့် ထွန်စက်ငှားရမ်းခများ ဈေးကြီးပေးရပြီး မျိုးမြေပဲဆန်ဈေးနှင့် နှမ်းမျိုးဈေးများ ဈေးကြီးပေးဝယ်ယူကြရသော်လည်း မိုးဦးလေဦး/ မိုးမှန်လေမှန် စိုက်ပျိုးချိန်ဖြစ်သဖြင့် အညာတောင်သူများအနေဖြင့် ရရှိနေသည့်အခွင့်ကောင်းကို လက်လွှတ်မခံနိုင်ဘဲ မိမိတို့ရှိသမျှချွေးနဲစာဖြင့် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ပြီး လူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး မေ ၁**

မန္တလေးဗဟိုအမျိုးသမီး ဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပြင်ပလူနာများ အပါအဝင် အတွင်းလူနာများကို ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဆေးရုံကို ပထမဆုံး ပြန်ဖွင့်တဲ့ အချိန်တုန်းက ပြင်ပလူနာကြည့်ရှုတာကိုပဲ လက်ခံနိုင်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ မွေးခန်းမှာ မွေးနိုင်ဖို့ ပိုးသန့်စင်ပြီး သမားရိုးကျမွေးဖွားမှုကို ဆောင်ရွက်ပေးပါတယ်။ အဲဒါပြီးတော့ နောက်တစ်ဆင့်တက်ပြီး ခွဲစိတ်ခန်းတွေကို ပိုးသတ်ပြီး ခွဲစိတ်ခန်းတွေ ဖွင့်နိုင်အောင် လုပ်ပါတယ်။ ဧပြီလ ဒုတိယပတ်မှာ ပြင်ပလူနာလည်း ကြည့်ရှုပေးနိုင်သလို အတွင်းလူနာလည်း ရှိနေပါပြီ။ ဆေးရုံမှာ ရိုးရိုးလည်း မွေးဖွားနိုင်သလို ခွဲစိတ်ခန်းတွေမှာ အရေးပေါ်လူနာတွေကို မွေးဖွားနိုင်အောင် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ အခုဆိုရင် လာရောက်ပြသတဲ့ လူနာတွေလည်း များလာပြီဆိုတော့ မေ ၁ ရက်ကစပြီးတော့ သက်ဆိုင်ရာ ဗဟိုအမျိုးသမီးဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနမှာ လူနာတွေကို ကြည့်ပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကလေးတွေ မွေးမွေးချင်းမှာ အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးထိုးပေးရပါတယ်။ လက်တလောမှာ ကလေးလေးတွေ အဆင်ပြေအောင် Hospital Based EPI လို့ခေါ်တဲ့ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးဌာနကို ဖွင့်လှစ်ပြီး ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ စီစဉ်ပေးသွားမှာဖြစ်ပါတယ်" ဟု မန္တလေးဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီးက ပြောသည်။



မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးကို မတ် ၂၄ ရက်ကစတင်၍ လက်ရှိဝန်ထမ်းအင်အားအရ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ပြန်လည်ဖွင့်လှစ်ထားပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ မီးယပ်ရောဂါများစသည့် အမျိုးသမီးရောဂါများကို ကုသပေးလျက်ရှိကြောင်း၊ ယင်းဆေးရုံတွင် မွေးလူနာများအတွက် သွေးလိုအပ်မှုများရှိပြီး သွေးလှူဒါန်းလိုပါက ဓမ္မပါလအသင်း၊ မြတ်ပါရမီအသင်း၊ အလင်းစေတမန်အသင်း စသောလူမှုရေးအသင်းအဖွဲ့များမှ တစ်ဆင့်ဖြစ်စေ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးဘဏ် ဖုန်း-၀၉ - ၇၉၆၇၈၅၄၂၄ ကို ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်လင်းထက်**

# မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**မော်လမြိုင် မေ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို ဧပြီ ၂၈ ရက်မှစတင်ကာ ပြန်လည်ကုသပေးလျက်ရှိကြောင်း သိရသည်။

**၂၄ နာရီ လက်ခံကုသပေး**

မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီး၌ ပြင်ပလူနာဌာနကို နေ့စဉ် နေ့/ည မရွေး ဖွင့်လှစ်ထားရာ အရေးပေါ်ခွဲစိတ်လူနာများ၊ အရိုးနှင့် ထိခိုက်ဒဏ်ရာရလူနာများ၊ ဖျားနာလူနာများကို ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ၂၄ နာရီ လက်ခံကုသပေးလျက်ရှိပြီး လိုအပ်ပါက မော်လမြိုင်မြို့ တပ်မတော်ခုတင် (၃၀၀)ဆံ့ စစ်ဆေးရုံသို့ လွှဲပြောင်းကုသပေးမည်ဖြစ်ကြောင်း မော်လမြိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မေ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃၀-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၅၉၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၄)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၇,၉၀၃)ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၃၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၇၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** **ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –**

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား ၂၄ နာရီအချိန်ပြည့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**မုံရွာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား ၂၄ နာရီအချိန်ပြည့် ကုသရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့ ကျန်းမာရေးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ယနေ့အချိန်အထိ အများပြည်သူတို့အတွက် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အရေးပေါ်လူနာဌာနနှင့် ပြင်ပလူနာဌာနတို့ကို ၂၄ နာရီအချိန်ပြည့် ဖွင့်လှစ်လက်ခံကာ ဖျားနာ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကင်ဆာရောဂါ၊ သားဖွားမီးယပ်နှင့် အရေးပေါ်ခွဲစိတ်ကုသခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာရောဂါဘာသာရပ်အလိုက် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ သက်သက်အောင်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဖြစ်ပွားချိန်မှ ယနေ့အချိန်ထိ ပိုးတွေ့လူနာ ၃၉၆ ဦးကို ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့ဆေးရုံကြီးတွင် နေ့စဉ်ပျမ်းမျှလူနာသစ် ရှစ်ဦးမှ ၂၀ အထိလည်းကောင်း၊ အတွင်းလူနာအဖြစ် တက်ရောက်ကုသနေသူ ၅၀ ကျော်ကို ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အလားတူရောဂါဝေဒနာများ ခံစားရသော ပြည်သူများအားလည်း နယ်စည်းမခြားဘဲ ကုသပေးလျက်ရှိကြောင်း ဒေါက်တာ သက်သက်အောင်က ဆက်လက်ပြောသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘရာဇီးနိုင်ငံသားအားလုံး ယခုနှစ်မကုန်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ရမည်ဟု ကျန်းမာရေးဝန်ကြီး ပြောကြား

**ဘရာဇီးလီးယား မေ ၁**

ယခုနှစ်ကုန်ပိုင်းတွင် ဘရာဇီးနိုင်ငံသားအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ရမည်ဟု ဘရာဇီး ကျန်းမာရေးဝန်ကြီး မာဆီလိုကွာရိုဂါက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ပထမနှစ်ဝက်အတွက် ကာကွယ်ဆေး အလုံအလောက် ရှိပါကြောင်းနှင့် နိုင်ငံသားအားလုံးကို ယခုနှစ်ကုန်ပိုင်း မတိုင်မီ ကာကွယ်ဆေးထိုးနှံပေးရန် ကတိပြုပါကြောင်း ကျန်းမာရေးဝန်ကြီး မာဆီလိုကွာရိုဂါက ယမန်နေ့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ချေမှုန်းရန်နှင့် ကာကွယ်ဆေးပြည်တွင်း၌ ထုတ်လုပ်ရန် နည်းပညာအထောက်အပံ့များ ရရှိရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဝန်ကြီး မာဆီလိုကွာရိုဂါက ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ် COVAX တွင်လည်း ပါဝင်ထားသည့်အတွက် ကာကွယ်ဆေး အလုံအလောက် ရရှိမည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် ပြည်တွင်းကူးစက်မှု မြင့်တက်လျက်ရှိသည့်အတွက် ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဝန်ကြီး မာဆီလိုကွာရိုဂါက ဆိုသည်။


နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ကာကွယ်ဆေးအလုံးရေ ၅၇ ဒသမ ၉ သန်း ဖြန့်ဖြူးထားပြီးဖြစ်ကြောင်းနှင့် ၎င်းတို့အနက် ကာကွယ်ဆေးအလုံးရေ ၄၂ ဒသမ ၁ သန်းကို ပြည်သူများအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။




လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄ ဒသမ ၅၉ သန်းရှိပြီး အဆိုပါရောဂါကြောင့် လေးသိန်းကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသန်းကျော်ရှိလာ




**အန်ကာရာ မေ ၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၈၉၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၈၂၀၅၉၁ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၉၄ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၄၀၁၃၁ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၁၈၃ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည် သက်သာလာသူပေါင်း ၄၃၂၃၈၉၇ ဦး ရှိလာခဲ့ကြောင်း သိရသည်။

ဧပြီ ၃၀ ရက်တွင် ပြည်သူ ၂၆၅၂၈၇ ဦးအား ရောဂါရှိ၊ မရှိ ဆေးစစ်မှုများ ပြုလုပ်ခဲ့ရာ လက်ရှိအချိန်အထိ ပြည်သူ ၄၇၂၆၁၉၉၉ ဦးအား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် တူရကီကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် အတည်ပြုခဲ့သည်။ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် တရုတ်နိုင်ငံထုတ် CoronaVac နှင့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ပြီးနောက် နိုင်ငံအတွင်း သုံးစွဲရန် တတိယမြောက် အတည်ပြုခံရသည့် ကာကွယ်ဆေးဖြစ်သည်။

တူရကီနိုင်ငံ၌ ဇန်နဝါရီ ၁၄ ရက်မှစပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၁၃၇၁၇၀၀၀ အား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရှန်ဟိုင်းမြို့အနီး၌ အင်အားပြင်း မုန်တိုင်းကြောင့် ၁၁ ဦးထက်မနည်းသေဆုံးပြီး ၁၀၂ ဦး ဒဏ်ရာရရှိ

**ရှန်ဟိုင်း မေ ၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အနီးတွင် ယမန်နေ့ညနေပိုင်းက အင်အားပြင်း မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ ၁၁ ဦးထက်မနည်းသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အာဏာပိုင်များက ယနေ့ပြောကြားသည်။

အင်အားပြင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်စဉ် ငါးဖမ်းလှေတစ်စင်းတိမ်းမှောက်ပြီး ငါးဖမ်းလှေမှ အမှုထမ်း ကိုးဦးကိုသာ ကယ်တင်နိုင်ခဲ့ပြီး ကျန်အမှုထမ်း ကိုးဦးသည် လက်ရှိအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းသည် ယန်ဇီမြစ်ကမ်း မြောက်ဘက်မှ လူဦးရေ ရှစ်သန်းခန့်နေထိုင်သည့် နန်တောင်းမြို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မိုးသီးများလည်း ကျဆင်းခဲ့ကြောင်းဒေသဆိုင်ရာ အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

မုန်တိုင်းကြောင့်သေဆုံးသူများသည် သစ်ပင်များလဲကျမှုနှင့် လျှပ်စစ်ဓာတ်တိုင်များပြိုလဲမှု သို့မဟုတ် ပင်လယ်ထဲ မျောပါသွားမှုများကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် မုန်တိုင်းကြောင့် ဒေသခံပြည်သူ ၁၀၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး လူနေအိမ်အများအပြား ထိခိုက်ပျက်စီးကာ ဒေသခံပြည်သူ ၃၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားနေသည့် နိုင်ငံခုနစ်နိုင်ငံသို့ အစ္စရေးနိုင်ငံသားများ ခရီးသွားလာမှုတားမြစ်မည်

**ဂျေရုဆလင် မေ ၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားနေပြီး ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများ စိုးရိမ်ဖွယ်ရာရှိနေသည့် နိုင်ငံခုနစ်နိုင်ငံသို့ အစ္စရေးနိုင်ငံသားများ ခရီးသွားရောက်မှုကို တားမြစ်ထားသည်ဟု အစ္စရေးအစိုးရက ဧပြီ ၃၀ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးတွဲကြေညာချက်အရ သိရသည်။

အစ္စရေးနိုင်ငံသားများခရီးသွားလာမှုကို တားမြစ်သည့် ခုနစ်နိုင်ငံမှာ ယူကရိန်း၊ အီသီယိုးပီးယား၊ ဘရာဇီး၊ တောင်အာဖရိက၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် တူရကီနိုင်ငံတို့ ဖြစ်ကြသည်။ ယင်းခရီးသွားလာခွင့် တားမြစ်မိန့်သည် မေ ၃ ရက်တွင် စတင်သက်ရောက်မည်ဖြစ်ပြီး အနည်းဆုံး ၁၃ ရက်ထက် မနည်းကြာမြင့်မည်ဟု အစ္စရေးအစိုးရ၏ ကြေညာချက်၌ ဖော်ပြသည်။

အစ္စရေးအစိုးရ၏ အထက်ပါခုနစ်နိုင်ငံသို့ ခရီးသွားလာမှုတားမြစ်မှုနှင့် အစ္စရေးကျန်းမာရေးဝန်ကြီး၏ သတိပေးချက်များသည် အဆိုပါနိုင်ငံများ၏ လတ်တလော အခြေအနေများဖြစ်သည့် ကူးစက်ရောဂါကာကွယ်တားဆီးမှုအဆင့်နှင့် သက်ဆိုင်ရာနိုင်ငံများက ထုတ်ပြန်ကြေညာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုရာခိုင်နှုန်း၊ ယင်းရောဂါမှ ပြန်လည်ကျန်းမာလာသူများ၏ ရာခိုင်နှုန်းအပေါ် အခြေခံကာ ထုတ်ပြန်ခြင်း ဖြစ်သည်။

အစ္စရေးနိုင်ငံတွင် ဧပြီ ၃၀ ရက်က ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုအသစ်များရှိပြီး နိုင်ငံတစ်ဝန်းလုံး ရောဂါကူးစက်ခံရသူပေါင်း ၈၃၈၄၈၁ ဦးရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ဇော်ဝင်း**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄ ဒသမ ၈ သန်းကျော်ရှိလာ

**မော်စကို မေ ၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၂၇၀ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၈၁၄၅၅၈ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက မေ ၁ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၀၅၂၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၈၆၃၇ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၄၃၆၅၈၃ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။



မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၀၈ ဦးရှိခဲ့ကာ မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၉၆၀၁၉ ဦးအထိ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံသည် လက်ရှိတွင် နိုင်ငံအတွင်းရှိပြည်သူ ၁၂၉ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိစစ်ဆေးမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်ရှိ

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၄၀၁၉၉၃ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၁၆၄၉၆၉ ဦး အထိရှိလာကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်ရှိခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၂၃ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၁၈၅၃ ဦးအထိရှိလာကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၅၆၈၄၄၀၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၃၂၆၃၇၁၀ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၅၄ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် အသက် ၁၈ နှစ်နှင့် အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်ခြင်းကို ဧပြီ ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်တွင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်စတင်ခဲ့ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၇၀၀၀ နှင့် သေဆုံးသူ ၃၇၅ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် နယူးဒေလီ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၆၁၄၇ ဦးရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**






# Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြု

**ဂျီနီဗာ မေ ၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Moderna ကုမ္ပဏီထုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် ဧပြီ ၃၀ ရက်က အတည်ပြုခဲ့ရာ လက်ရှိအချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အရေးပေါ်သုံးစွဲရန် အတည်ပြုထားပြီးသောကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ငါးမျိုးရှိလာပြီဖြစ်ကြောင်း သိရသည်။

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့သည် Moderna ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလက အတည်ပြုခဲ့သည်။ ထို့အပြင် ဥရောပဆေးဝါးအေဂျင်စီက လည်း Moderna ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် အရေးပေါ်သုံးစွဲရန် ယခုနှစ် ဇန်နဝါရီလ အတည်ပြုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ မဟာဗျူဟာအကြံပေးအဖွဲ့သည် အဆိုပါကာကွယ် ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတည်ပြုစာရင်းထဲ မထည့်သွင်းမီ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်၍ ယခုနှစ် ဇန်နဝါရီလက ပြန်လည်သုံးသပ်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ မဟာဗျူဟာအကြံပေးအဖွဲ့သည် ကာကွယ်ဆေးများအား အသုံးပြုသင့်၊ မသင့်နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အတည်ပြုထောက်ခံပေးလျက်ရှိသောအဖွဲ့ဖြစ်သည်။

Moderna ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ၉၄ ဒသမ ၁ ရာခိုင် နှုန်းခန့် ထိရောက်မှုရှိပြီး အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံးအတွက် သုံးစွဲနိုင်သောကာကွယ်ဆေး တစ်မျိုးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အမေရိကန်နှင့် ဂျာမန်ဆေးဝါးကုမ္ပဏီ Pfizer/BioNTechတို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး၊ အောက်စဖို့ဒ်နှင့် ဗြိတိန်–ဆွီဒင်ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး၊ အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှင့် Johnson & Johnson ဆေးဝါးကုမ္ပဏီထုတ် Janssen ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများကို အရေးပေါ်သုံးစွဲရန် ယခင်က အတည်ပြုထားပြီး ယခုအခါ Moderna ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် အရေးပေါ်သုံးစွဲရန် အတည်ပြုထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ငါးမျိုးရှိလာပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ

**မနီလာ မေ ၁**

ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်သည် ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀ သန်းအထိ ဝယ်ယူထားပြီးဖြစ်ကြောင်းလည်း ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ရေး အကြီးအကဲ ကာလီတိုဂယ်ဗက်ဇ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် လက်ရှိတွင် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအပါအဝင် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှင့် အောက်စ်ဖို့ဒ်နှင့် AstraZeneca ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတို့ကိုလည်း ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီ ၂၈ ရက်က လက်ခံရရှိခဲ့ပြီး မတ် ၁ ရက်တွင် နိုင်ငံတစ်ဝန်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် နိုင်ငံတစ်ဝန်းကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ ယခုနှစ်အတွင်း နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအထိ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၈၂၇၆ ဦးရှိခဲ့ခြင်း ကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၄၆၆၅၃ ဦးအထိ ရှိလာကြောင်းလည်း သိရသည်။


**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၁ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၁ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၁၅၉၄ ဦးရှိလာခဲ့ပြီဖြစ်ကြောင်းနှင့် ယခုစစ်ဆေးတွေ့ရှိသူများအနက် ၁၆ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၈၆၅ ဦးမှာ ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် နော်ဟစ်ဟမ် အဗ်ဒူလာက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၁၅ ဦးထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၅၂၁ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

သို့သော် ကိုဗစ်–၁၉ လူနာ ၂၄၆၂ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၃၈၀၄၄၂ ဦး (၉၂ ဒသမ ၄ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆေးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၉၆၃၁ ဦးရှိသည်။ ယင်းတို့အနက် ၃၃၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး၁၇၆ဦးသည်အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၅၂၁၃၃၆၆၁ | ဦး |
| သေဆုံးသူ | ၃၁၉၆၅၃၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၂၉၄၃၉၅၄၃ | ဦး |

# ပျဉ်းမနားမြို့နယ်၌ အပူချိန်လွန်ကဲရာမှတစ်ဆင့် သက်န်းအရောင်းဆိုင်တစ်ခု မီးလောင်

**ပျဉ်းမနား မေ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၂) ရပ်ကွက် ရာဇဌာနီလမ်းဘေးရှိ အိမ်အမှတ်(၁၅/၆၄၃) ဦးဟိန်းဇော်လတ်၏ ပါရမီရှင်သင်္ကန်းတိုက်တွင် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်က Change Over အပူချိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

**ဝိုင်းဝန်းငြိမ်းသတ်**

ဖြစ်စဉ်မှာ မီးအားမြှင့်စက်သို့ လွှဲပြောင်းပေးသည့် Change Over အပူချိန်လွန်ကဲပြီး အနီးရှိ သင်္ကန်းခြင်းများအား မီးကူးစက်လောင်ကျွမ်းရာ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်သူရကျော်နှင့် သန္ဓေတပ်ဖွဲ့ဝင် ၈၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ အကူယာဉ် ရှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက်၈ နာရီ ၁၉ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အလျား ပေ ၃၀၊ အနံ ပေ ၃၀ ပတ်လည် အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ခင်း နှစ်ထပ်သင်္ကန်းတိုက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်းနှင့် မီးလောင်မှုကြောင့် ဦးဟိန်းဇော်လတ်အား ပျဉ်းမနားမြို့နယ် ရွာကောက်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**






# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရပ်ထားသော YBS ယာဉ် နှစ်စီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ယနေ့နံနက်အစောပိုင်းက ရပ်ထားသော YBS ယာဉ်နှစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီဝန်းကျင်ခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၇) ရပ်ကွက် အမှတ်(၂) လမ်းမကြီးဘေးရှိ 66 KV မဟာဓာတ်အားလိုင်းအောက်တွင် သွယ်တန်းထားသော ဖုန်းကေဘယ်ကြိုးမှာ ရပ်ထားသော YBS (7) ယာဉ်လိုင်းမှ ယာဉ်အမှတ် 5N-4667 ပေါ်သို့ ပြုတ်ကျ၍ လျှပ်စစ်စီးဝင်ရာမှတစ်ဆင့် ရှော့ဖြစ်ကာ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုကြောင့်YBS ယာဉ်နှစ်စီးတို့ မီးလောင်ခံရကြောင်း သိရသည်။



အခင်းဖြစ်မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးအရာရှိ ဦးမြင့်သူ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၁ ဦးတို့က မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၅ နာရီ ၂၄ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီ ၂၆ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**စိုးမြင့်အောင်**

❒

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၀၊ သွင်းကုန် ၁၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၈၅ သန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Air Cutter 23 U,12 U နှင့် Keyboard (Used) 63 U၊ ရေခဲသေတ္တာ (Used) 2 U နှင့် Air-con Window type 7U အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ဂိုဒေါင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခွဲဝန်းကျင်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၇) ရပ်ကွက် ရတနာအိမ်ရာအပိုင်း(C) ရတနာအိမ်ရာကျောကပ်လမ်း ခြံအမှတ်(၄၁) ပိုင်ရှင် ဦးမျိုးကိုကိုဝင်း၏ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအဟောင်းများထားရှိသည့် ဂိုဒေါင်၌ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်ရာသို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ သာကေတမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၈ နာရီ ၄၃ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို ပတ်ဝန်းကျင်နေပြည်သူများက ရေများဖြင့် ကနဦးမီးငြိမ်းခဲ့ကြပြီး မီးလောင်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ပွင့်သစ္စာ**

# ရန်ကုန်အနောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**ရန်ကုန်  မေ ၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျောက်တံတားမြို့နယ် (၃၆) လမ်းအထက် ဂျီအီးစီအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းသား အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ သဘာပတိ ဦးခင်မောင်ဝင်းနှင့် ဧည့်သည်တော်များက အမှာစကားပြောကြားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသား စာရင်းစစ် အစီရင်ခံစာတို့ကို သဘာပတိ ထံတွင် အတည်ပြုချက်ရယူခဲ့ကြသည်။

ထို့နောက် အသင်းသားစာရင်းစစ်ဦးရေ လျှော့ချရန်အတွက် အသင်းစည်းကမ်း အပိုဒ်(၆)၊ အပိုဒ်(၂၃) ပြင်ဆင်ချက်အား အတည်ပြုချက်ရယူခဲ့ကြပြီး အသင်းသားကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ဒါရိုက်တာအဖွဲ့မှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကာ ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**







# (၇၅)နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန်  မေ ၁**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိမိတို့ဒေသရှိသာသနိကအဆောက်အအုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ သွေးလှူဘဏ်များ/ဆေးရုံများတွင် စုပေါင်းသွေးလှူဒါန်းခြင်းစသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်တို့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်ကြီးအား ရေသပ္ပာယ်ခြင်း၊ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်များအား ရောင်တော်ဖွင့်ခြင်း၊ စေတီရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် သာသနာ့နယ်မြေအတွင်း ဘုရားဖူးဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်နားနေနိုင်ရေးအတွက် ချုံနွယ်များ၊ အမှိုက်များ ရှင်းလင်းခြင်းများကို ယနေ့ နံနက် ၇ နာရီတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက ကြီးကြပ်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၄၀၀၊ မီးသတ်ယာဉ် ကိုးစီးဖြင့် ရေဂါလန် ၁၀၀၀၀ ခန့် အသုံးပြုလျက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

## ■ ခရစ္စတယ်ပဲလေ့အသင်းမှ

အခုပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အဂူရိုဟာ မန်စီးတီးအသင်းနဲ့အတူ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၂၅၈ ဂိုးပြည့်မြောက်ခဲ့တာလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၄ အပြီးမှာ ရမှတ် ၈၀ ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတဲ့ မန်ယူအသင်းက ပွဲစဉ် ၃၃ အပြီးမှာ ရမှတ် ၆၇ မှတ်ရရှိထားတာကြောင့် မန်စီးတီးအသင်းက အမှတ်ပေးဇယားထိပ်မှာ ရမှတ် ၁၃ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၄ အပြီးမှာ ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၃ နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတဲ့ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ လက်ရှိမှာ ရမှတ် ၁၃ မှတ်ကွာဟနေတာဖြစ်ပြီး မန်ယူအသင်းအနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် ၃၄ မှာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့မယ်ဆိုရင် မန်စီးတီးအသင်းဟာ ဘောလုံးရာသီလေးရာသီအတွင်းမှာ ပရီမီယာလိဂ်ဖလားကို သုံးကြိမ်မြောက်ချန်ပီယံအသင်းဖြစ်လာတော့မှာဖြစ်ပါတယ်။

**ငွေကြယ်**

# မြို့တော်သတင်းစာ (ပုံနှိပ်) ညနေခင်းသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေ

**ရန်ကုန်  မေ ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ဝေလျက်ရှိသော မြို့တော်သတင်းစာ (ပုံနှိပ်) ကို မေ ၁ ရက်မှစတင်၍ ညနေခင်းသတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေလျက်ရှိသည်။

မြို့တော်သတင်းစာ(ပုံနှိပ်)ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပုံနှိပ်သတင်းစာအဖြစ်မှ ရပ်နားခဲ့ပြီး Online Media အဖြစ်ပြောင်းလဲ၍ နေ့စဉ်ဆက်လက်ဖော်ပြခဲ့ရာ ယခုအခါ ပြည်သူတို့၏လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အရေးများအပြင် မြို့တော်စည်ပင်နှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ အခက်အခဲနှင့် အကြံပြုချက်များကို ဖော်ပြနိုင်ရန်အတွက် မြို့တော်သတင်းစာ ညနေခင်း (ပုံနှိပ်) သတင်းစာအဖြစ် ပြန်လည်ထုတ်ဝေလျက်ရှိကြောင်း သိရသည်။

မြို့တော်သတင်းစာမှ တစ်ဆင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းဝန်ဆောင်မှုများကို ပြည်သူများအနေဖြင့် အကြံပြုပေးစာများနှင့် လူမှုရေးကြော်ငြာ၊ စီးပွားရေးကြော်ငြာ၊ သာရေး၊ နာရေးကြော်ငြာများကိုလည်း သတင်းစာတွင်ဖော်ပြနိုင်ရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ မြို့တော်သတင်းစာတိုက်ဖုန်း ၀၁- ၅၀၃၆၂၆၊ ၀၉-၄၂၈၆၃၆၅၅၊ Fax : 01-503670၊ yangon citynews@gmail.com သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**စောလှိုင်ဝင်း**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၁၀၄၃၇၇ | ၂၅၇၁၀၁၄၂ | ၅၉၀၀၆၀ |
| ၂။ | အိန္ဒိယ | ၁၉၁၆၄၉၆၉ | ၁၅၆၈၄၄၀၆ | ၂၁၁၈၅၃ |
| ၃။ | ဘရာဇီး | ၁၄၆၆၅၉၆၂ | ၁၃၁၉၄၅၃၈ | ၄၀၄၂၈၇ |
| ၄။ | ပြင်သစ် | ၅၆၁၆၆၈၉ | ၄၅၃၉၉၀၉ | ၁၀၄၅၁၄ |
| ၅။ | တူရကီ | ၄၈၂၀၅၉၁ | ၄၃၂၃၈၉၇ | ၄၀၁၃၁ |
| ၆။ | ရုရှား | ၄၈၁၄၅၅၈ | ၄၄၃၆၅၈၃ | ၁၁၀၅၂၀ |
| ၇။ | ဗြိတိန် | ၄၄၁၆၆၂၃ | ၄၂၁၄၇၉၁ | ၁၂၇၅၁၇ |
| ၈။ | အီတလီ | ၄၀၂၂၆၅၃ | ၃၄၆၅၆၇၆ | ၁၂၀၈၀၇ |
| ၉။ | စပိန် | ၃၅၂၄၀၇၇ | ၃၂၀၆၂၇၃ | ၇၈၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၃၉၂၂၃၂ | ၃၀၁၂၁၀၀ | ၈၃၅၄၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၇၂၈၈၀ | ၁၅၂၆၉၇၈ | ၄၅၆၅၂ |
| ၂။ | ဖိလစ်ပိုင် | ၁၀၄၆၆၅၃ | ၉၅၇၀၅၁ | ၁၇၃၅၄ |
| ၃။ | မလေးရှား | ၄၁၁၅၉၄ | ၃၈၀၄၄၂ | ၁၅၂၁ |
| ၄။ | မြန်မာ | ၁၄၂၈၃၁ | ၁၃၁၉၇၂ | ၃၂၀၉ |
| ၅။ | ထိုင်း | ၆၇၀၄၄ | ၃၈၀၇၅ | ၂၂၄ |
| ၆။ | စင်ကာပူ | ၆၁၁၇၉ | ၆၀၇၅၁ | ၃၀ |
| ၇။ | ကမ္ဘောဒီးယား | ၁၃၇၉၀ | ၅၂၀၀ | ၉၆ |
| ၈။ | ဗီယက်နမ် | ၂၉၄၂ | ၂၅၄၈ | ၃၅ |
| ၉။ | လာအို | ၈၂၁ | ၅၁ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

# မိုးပွင့်သစ္စာနှင့် မွေးရာနံ့သင်းထုံသည့်ပန်းခင်း

“နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့်ဦးရေ ၄ ဒသမ ၆ သန်း ရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း” နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဧပြီလ ၂၂ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၅/၂၀၂၂) တွင် လမ်းညွှန်မိန့်ကြားခဲ့သည်။ ယင်းအစည်းအဝေး၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တင်ပြချက်အပေါ် လမ်းညွှန်မှုပြုခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် ဆောင်ရွက်ပေးမည့် ပန်းခင်းစီမံချက်ကိုလည်း စိတ်ထဲမှာကျိတ်ပြီး ပီတိဖြစ်ရင်းကြိုဆိုနေမိသည်။

### တစ်နှစ်ခွဲ ဆောင်ရွက်မည်

ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးရမည့် အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေ ၃ ဒသမ ၈ သန်းကျော် ရှိကြောင်းနှင့် စီမံချက်ကာလကလာမည့် ၂၀၂၂ ခုနှစ် မေလ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်အထိ၊ (၁၈)လကြာ တစ်နှစ်ခွဲ ဆောင်ရွက်မည်ဟု သိရသည်။ လဝကဝန်ထမ်းများနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တက်တက်ကြွကြွဖြင့် စီမံချက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း အဓိကကာယကံရှင်ပြည်သူများ၊ တစ်နည်းအားဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှန်တကယ်မရှိသေးသူများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသည်။ ၎င်းတို့သည်လည်း မြို့ပေါ်နှင့် အလှမ်းဝေးသည့် ကျေးရွာပြည်သူများ၊ အလုပ်အကိုင်အခြေအနေအရ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေထိုင်ကြသူများ၊ ကျေးလက်ဒေသမှ မြို့ပေါ်သို့ လာရောက်အခြေချလုပ်ကိုင် နေထိုင်ကြသူများက အများစုဖြစ်ပေမည်။

ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း သော်လည်းကောင်း၊ မှတ်ပုံတင်သော်လည်းကောင်း လုံးဝမရှိကြသူများရှိသကဲ့သို့ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး မှတ်ပုံတင် မပြုလုပ်ရသူများလည်းရှိသည်။ ထို့ပြင် မြို့နှင့်အလှမ်းဝေးသည့် ကျေးလက်ဒေသများတွင် အစဉ်အဆက်နေထိုင်ကြသူများသည်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြား လုံးဝ မပြုလုပ်ရသေးသူများလည်း ရှိနေသည်။ ဘိုးစဉ်ဘောင်ဆက် အခြေချနေထိုင်ခဲ့ကြသော်လည်း “ငါတို့ ဘယ်မှ သွားတာမှမဟုတ်ဘဲ၊ ပိုက်ဆံအကုန်ခံပြီး မလုပ်တော့ဘူး၊ ဒီအတိုင်းလည်းနေလို့ရနေတာပဲ” ဆိုသည့် စကားများ၊ အသိများကြောင့် မလုပ်ဖြစ်ကြ။ ဘိုးဘွားများမလုပ်တော့ မိဘများလည်း ထိုနည်းနှင်နှင်။ သို့သော် ယခုခေတ်တွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများအတွက် ကျေးလက်မှ မြို့ပြသို့ တက်ရောက်၍ အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင်သူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ပညာရှာမှီးသူများ အများအပြား ရှိနေပြီး ၎င်းတို့သွားလာလုပ်ကိုင်ဆောင်ရွက်သမျှ မရှိမဖြစ် လိုအပ်သည်က နိုင်ငံသားစိစစ်ရေးကတ်ပြားပင်ဖြစ်သည်။



နိုင်ငံသား စိစစ်ရေးကတ်ပြားလုပ်ဖို့ အိမ်ထောင်စုလူဦးရေစာရင်း လိုသည်။ ပြီးလျှင် မိဘကိုင်ဆောင်သည့် ကတ်ပြားအမှတ်များ၊ ဘိုးဘွားတို့၏ မျိုးရိုးစဉ်ဆက်စသည်တို့ ဖြည့်သွင်းရမည်။ ကလေးများအတွက် မှတ်ပုံတင်လုပ်ရန်မှာ ၎င်းတို့၏ မိဘများတွင် မှတ်ပုံတင်ရှိရန်လိုသည်။ မိဘများကိုယ်တိုင် မှတ်ပုံတင်မပြုလုပ်ခဲ့သော် ကလေးများအတွက် အဆင်မပြေဖြစ်တော့မည်။ မိဘ၊ ဘိုးဘွားများမရှိတော့ဘဲ ကွယ်လွန်သွားသူများအတွက်လည်း အခက်အခဲရှိနိုင်သည်။ သို့သော် နိုင်ငံတော်အစိုးရသည် ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်း၊ ဘိုးဘွားမိဘစဉ်ဆက် နေထိုင်ခဲ့မှုကို ရှေ့မီနောက်မီ ပြောကြားပေးနိုင်သည့် လူကြီးသူမများ၏ ထောက်ခံမှုများ၊ ဒေသအာဏာပိုင်များ၏ ထောက်ခံမှုများဖြင့် နိုင်ငံသားတိုင်း နိုင်ငံသား စိစစ်ရေးကတ်ပြား ရရှိစေရေးအတွက် မြော်တွေး ဆောင်ရွက်ပေးထားသည်။ (၅) ဦးကော်မတီဟု ခေါ်သည့် လဝကမြို့နယ်ဦးစီးမှူးနှင့် မြို့နယ် စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးစသည် တို့၏ စိစစ်ထောက်ခံချက်ဖြင့် ဆောင်ရွက်ခွင့်ပြုပေးထားသည်။ ယင်း (၅) ဦးကော်မတီက စိစစ်ထောက်ခံမှုဖြင့် အိမ်ထောင်စုလူဦးရေစာရင်းမရှိသေးပါက စိစစ်ဆောင်ရွက်ပေးပြီး ကာယကံရှင်၏ အချက်အလက်များရယူကာ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

နိုင်ငံသားတိုင်း ဒီနိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထားဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိနေဖို့လိုအပ်ပါသည်။ သို့မှသာ နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အတွက်၊ ယာဉ်မောင်းလိုင်စင်အတွက်၊ ဘယ်လုပ်ငန်းဝန်ဆောင်မှုအတွက်၊ အစစအရာရာအားလုံးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား (အရပ်အခေါ် - မှတ်ပုံတင်) လိုအပ်သည်။ ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုလမ်းခရီးတွင် တာဝန်ရှိသူများက စစ်ဆေးသည့်အခါတွင်လည်းလိုသည်။ ယခုခေတ်တွင် သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကိုယ်တိုင်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားလျှင်သော်လည်းကောင်း၊ မိမိကြိုက်နှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒမဲပေးရာတွင်လည်းကောင်း မှတ်ပုံတင်လိုသည်။ ထို့ပြင် ပြည်ပနိုင်ငံအသီးသီးသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်လိုသော် ဆောင်ရွက်ရသည့် နိုင်ငံသားလက်မှတ်သည်ပင်လျှင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ကို အခြေခံဆောင်ရွက်ပေးခြင်းဖြစ်သည်။ လူတစ်ယောက်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုပင် ဖြစ်သည်။

### သက်သေခံအထောက်အထား

နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အခြေခံသည် အိမ်ထောင်စုလူဦးရေစာရင်း ဖြစ်သည်။ မိသားစုတစ်စုတွင် လူတစ်ဦးမွေးပြီဆိုသည်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် မွေးတိုးထည့်သွင်းဆောင်ရွက်ရသည်။ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ပါကလည်း သက်ဆိုင်ရာလဝကရုံးမှ ပြောင်းဝင်/ ပြောင်းထွက် ပုံစံ (၁၀) ရယူ၍ နေထိုင်သည့် အိမ်ထောင်စုတွင် ပြောင်းဝင်အဖြစ် ထပ်တိုးထည့်ရသည်။ အသက် (၁၀) နှစ်ပြည့်လျှင် သက်ဆိုင်ရာလဝကရုံးတွင် အသက် (၁၀) နှစ်ပြည့် မှတ်ပုံတင် လျှောက်ထားရယူရမည်။ (၁၈) နှစ်ပြည့်လျှင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လဲလှယ်ရမည်။ သို့မှသာ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝခံစားခွင့်အတွက် သက်သေခံအထောက်အထား ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်မှုသည် ဘိုးဘွားစဉ်ဆက် သွေးချင်းဆက်စပ်မှုအပေါ် မူတည်သတ်မှတ်ခြင်းဖြစ်သည်။ သွေးသားတော်စပ်မှု၊ သွေးချင်းဆက်စပ်မှုအပေါ် အခြေခံသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအချို့သည်လည်း ယင်းကဲ့သို့ သွေးချင်းဆက်စပ်မှုအပေါ် အခြေခံ၍ နိုင်ငံသားသတ်မှတ်ကြသည်။ တချို့နိုင်ငံများကမူ ထိုသို့မဟုတ်။ ယင်းတို့၏ နိုင်ငံပိုင်နက်၊ မြေပေါ်တွင် နေထိုင်မှုအပေါ်မူတည်၍ နိုင်ငံသားအဆင့်အတန်းသတ်မှတ်ကြသည်။ ဒီနိုင်ငံတွင် ဘယ်ရွေ့ဘယ်မျှ ကာလ

**မောင်မုဒိတာ**

ဘယ်လောက်ကြာ အခြေချနေထိုင်ပါက ၎င်းတို့၏ နိုင်ငံသားအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ အခြေချနေထိုင်သည့်ကာလအပိုင်းအခြားရှည်ကြာမှုအရ နိုင်ငံသားအဆင့် သတ်မှတ်ချက်ခွင့်ပြုပေးထားသည်။ နိုင်ငံသားဖြစ်မှု သတ်မှတ်ချက်သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကွဲပြားသကဲ့သို့ တချို့နိုင်ငံများတွင် လူတစ်ဦးအား နှစ်နိုင်ငံသား၊ သုံးနိုင်ငံသား ခံယူခွင့်ရှိသည်ကိုလည်း တွေ့ရသည်။ လက်ရှိနိုင်ငံသားခံယူထားသူတစ်ဦးသည် အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ်လည်း ခံယူခွင့်ပြုထားခြင်းမျိုး ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတစ်ဦးသည် နှစ်နိုင်ငံသား ခံယူခွင့်မပြု၊ မြန်မာနိုင်ငံသားဖြစ်သူသည် နိုင်ငံအတွင်းမှ အပြီးအပိုင်ထွက်ခွာလျှင်ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူလျှင် (သို့မဟုတ်) မှတ်ပုံတင်လျှင်ဖြစ်စေ၊ အခြားနိုင်ငံကူးလက်မှတ် (သို့မဟုတ်) အလားတူလက်မှတ်ကို ထုတ်ယူလျှင်ဖြစ်စေ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းခံရမည် ဖြစ်သည်။ ယင်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုက်သည်နှင့် မြန်မာနိုင်ငံသားအဖြစ်မှ အလိုလိုဆုံးရှုံးသွားပြီဖြစ်သည်။

### မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားများ

မြန်မာနိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှုအရည်အချင်းအရ ၎င်းတို့ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြား တစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းသည် လဝကဌာန၏ ခေတ်အဆက်ဆက်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ယင်းလုပ်ငန်းသည် ဌာန၏အဓိကလုပ်ငန်း တာဝန်ကြီး (၃) ရပ်တွင် ပါရှိသည့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ နိုင်ငံသားဖြစ်တည်မှုဆိုရာ၌ မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ်နန်း၊ ကိုယ့်ကြငှာန်းဖြင့် နေထိုင်လာကြရာမှ ကိုလိုနီနယ်ချဲ့များ၏ ကျူးကျော်မှုကြောင့် သူ့ကျွန်ဘဝရောက်ခဲ့ပြီး နိုင်ငံတွင်းသို့ ပြည်ပနိုင်ငံသားများ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိအခြေချ နေထိုင်ခဲ့သည့်အတွက် ၎င်းတို့နှင့် သွေးချင်းဆက်စပ်ခဲ့ရာမှမွေးရာပါ တိုင်းရင်းသား နိုင်ငံသားများအပြင် ဥပဒေအရဖြစ်သော နိုင်ငံသားများလည်း ဖြစ်တည်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊နိုင်ငံသားပြုခွင့်ရသူအဖြစ်နှင့် ၎င်းတို့၏ သွေးချင်းဆက်စပ်ဖြစ်တည်မှုအရ မွေးရာပါနိုင်ငံသားနှင့်ဥပဒေအရ နိုင်ငံသားများအဖြစ် ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၇ သို့■

**နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အခြေခံသည် အိမ်ထောင်စုလူဦးရေစာရင်း ဖြစ်သည်။ မိသားစုတစ်စုတွင် လူတစ်ဦးမွေးပြီဆိုသည်နှင့် အိမ်ထောင်စု လူဦးရေစာရင်းတွင် မွေးတိုးထည့်သွင်းဆောင်ရွက်ရသည်။ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ပါကလည်း သက်ဆိုင်ရာလဝကရုံးမှ ပြောင်းဝင်/ ပြောင်းထွက် ပုံစံ (၁၀) ရယူ၍ နေထိုင်သည့် အိမ်ထောင်စုတွင် ပြောင်းဝင်အဖြစ် ထပ်တိုးထည့်ရသည်။ အသက် (၁၀) နှစ်ပြည့်လျှင် သက်ဆိုင်ရာလဝကရုံးတွင် အသက် (၁၀) နှစ်ပြည့် မှတ်ပုံတင်လျှောက်ထားရယူရမည်။ (၁၈) နှစ်ပြည့်လျှင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လဲလှယ်ရမည်။ သို့မှသာ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝခံစားခွင့်အတွက် သက်သေခံအထောက်အထား ရရှိနိုင်မည်ဖြစ်။**

■ စာမျက်နှာ ၁၆ မှ

ပြည်သူများအတွက် အဓိကအရေးပါသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသော်လည်း ယင်းလုပ်ငန်းသည် ရာနှုန်းပြည့် ပြီးစီးသည့်လုပ်ငန်းတော့မဟုတ်ပေ။ ရွှေ့ပြောင်းနေထိုင်မှုများရှိခြင်းကြောင့် ပြောင်းဝင်/ပြောင်းထွက်များ ရှိနေမည်။ မွေးဖွားမှုတိုင်းကြောင့် လူဦးရေစာရင်း ထပ်တိုးဖြည့်ဆည်းနေမှုများ ရှိနေမည်။ အသက် (၁၀) ပြည့်သောသူ၊ အသက် (၁၈) နှစ် ပြည့်လာသူ နေ့စဉ်နှင့်အမျှ အချိန်တိုင်းရှိနေမည်။ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ပျောက်ဆုံး/ပျက်စီးမှုများ ရှိနေမည်။ ယင်းလုပ်ငန်းသည် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်နေမည်သာ။ တစ်ခေတ်တစ်ခါက ရံဖန်ရံခါ ကွင်းဆင်းဆောင်ရွက်ပေးမှုသာရှိပြီး ရုံးထိုင်လုပ်ဆောင်ပေးနေရာမှ ယခုအခါ ပြည်သူ့အကျိုးကို ရှေးရှုကာ ပြည်သူ့အတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ပေးခဲ့ကြသည်။

**လှည်းနေလှေအောင်း**
**မြင်းဇောင်းမကျန် ဆောင်ရွက်**

ပြည်သူအတွက် ထင်သာမြင်သာဖြစ်ခဲ့သည့် မိုးပွင့်စီမံချက်၊ သစ္စာစီမံချက်များဖြင့် နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ နိုင်ငံသားများအတွက် မိုးပွင့်စီမံချက်တွင် မိုးပွင့်အဆင့် (၁) မှ အဆင့် (၇) အထိ ကာလသတ်မှတ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မိုးပွင့် (အထူး) စီမံချက်ဖြင့် သတ်မှတ်နယ်မြေရွေးချယ်ကာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆောင်ရွက်ပေးမှုများလည်း ရှိခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မိုးပွင့်စီမံချက်ကာလအတွင်း အိမ်ထောင်စုလူဦးရေစာရင်း ၁၂ သိန်း ၉ သောင်းကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၄ သိန်း ၈ သောင်းကျော် ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းတိုင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အထောက်အထား စာရွက်စာတမ်းများအပေါ် အခြေခံသည့်အတွက် စီမံချက်ကာလ တစ်ခုနှင့် တစ်ခုအကြား ဝန်ထမ်းများက ရုံးတွင်းမှတ်တမ်း ရေးသွင်းပြုစုရသည်ကလည်း ရှိသေးသည်။ မှတ်တမ်းမကျန်ခဲ့ဘဲ ဆောင်ရွက်ပေး၍မရပေ။ လူတစ်ဦးချင်းစီ၏ မှတ်တမ်းများဖြစ်၍ စနစ်တကျ ရေးသွင်းမှတ်တမ်းတင် ထိန်းသိမ်းရပေမည်။ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ရပ်ကွက်/ကျေးရွာများအပြင် အခြေခံပညာကျောင်းများ၊ စက်ရုံအလုပ်ရုံ များပြားသည့် စက်မှုဇုန်များပါ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ သစ္စာစီမံချက်ကာလအတွင်း အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃ သိန်း ၆ သောင်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၂၀၅ ကတ်အပါအဝင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သစ္စာစီမံချက်တစ်ခုလုံးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၄ သိန်း ၃ သောင်းကျော် ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးမှု ၂၆ သိန်းကျော်နှင့် ၁၈ နှစ်ပြည့် လဲလှယ်ဆောင်ရွက်မှု ၁၇ သိန်းကျော်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၀၈ သိန်းကျော် ထုတ်ပေးနိုင်ခဲ့ပြီး သာမန်ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေ စာရင်း ၆၆၀၈၄ စောင်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသူ၊ မှတ်ပုံတင်ကတ်ပြားမရှိသေးသူများကတော့ နေရာဒေသအနှံ့တွင် ကျန်ရှိနေသေးသည်။ လက်တွေ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖြည့်သွင်းမထားသူများ၏ စာရင်းများက သက်သေဖြစ်နေသည်။

**ပန်းခင်းစီမံချက်**

စာရင်းကောက်ယူ၍ မဲစာရင်းပြုစုစဉ် မှတ်ပုံတင်အမှတ်မသိ၍ မဖြည့်သွင်းခြင်းလား၊ အမှန်တကယ် မပြုလုပ်ရသေး၍ မရှိသဖြင့် ကွက်လပ်ဖြစ်နေခြင်းလား မပြောတတ်။ သေချာသည်ကတော့ မည်သည့်အထောက်အထား ကတ်ပြား တစ်စုံတစ်ရာမပါရှိဘဲ ဆန္ဒမဲပေးခဲ့သူ အများအပြားရှိနေကြောင်း စစ်ဆေးထုတ်ပြန်ချက်များအရ သိရှိကြားသိနေရသည်။ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကလည်း လမ်းညွှန်မိန့်ကြားထားပြီးဖြစ်သည်။ ထို့အတွက် လဝကဌာနကလည်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြည်သူတို့အနေဖြင့် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာပြီး မွှေးရနံ့ပေါင်းစုံ သင်းထုံနေသည့် ပန်းခင်းကို ညင်သာချောမွေ့စွာဖြတ်သန်းရင်း နိုင်ငံသားအခွင့်အရေး ခံစားရရှိစေနိုင်ရေးအတွက် ပဓာနကျသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမည့် ပန်းခင်းစီမံချက်ဖြစ်သည်။ ပြည်သူ့အတွက် ပန်းခင်းစီမံချက်ပင်ဖြစ်သည်။

**နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း လမ်းညွှန်မိန့်ကြားထားပြီးဖြစ်သည်။ ထို့အတွက် လဝကဌာနကလည်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြည်သူတို့အနေဖြင့် ပန်းပေါင်းစုံဖူးပွင့်ဝေဆာပြီး မွှေးရနံ့ပေါင်းစုံသင်းထုံနေသည့်ပန်းခင်းကို ညင်သာချောမွေ့စွာဖြတ်သန်းရင်း နိုင်ငံသားအခွင့်အရေး ခံစားရရှိစေနိုင်ရေးအတွက် ပဓာနကျသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမည့် ပန်းခင်းစီမံချက်ဖြစ်။**

ပန်းခင်းစီမံချက်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးမှာ လဝကဝန်ထမ်းများနှင့် ဆက်စပ်ဌာနများတွင်သာ တာဝန်ရှိသည်မဟုတ်ပေ။ အိမ်ထောင်စုစာရင်းမရှိသေးသူ၊ မိမိ အိမ်ထောင်စုတွင် ကလေးမွေးတိုး မလုပ်ရသေးသူ၊ တစ်မြို့တစ်ရွာ ပြောင်းရွှေ့နေထိုင်သူများက ပြောင်းဝင်/ပြောင်းထွက် မလုပ်ရသေးသူ၊ မည်သည့်ကတ်ပြား မည်သည့်မှတ်ပုံတင်မျှ ကိုင်ဆောင်ထားခြင်း မရှိသေးသူတို့အနေဖြင့် မိမိတို့၏ လိုအပ်ချက်ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသို့ အသိပေးအကြောင်းကြား စာရင်းရေးသွင်းထားကြရန်လည်း လိုအပ်ပေသည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု တာဝန်ရှိသူများ၊ လဝကဝန်ထမ်းများက ကွင်းဆင်းစာရင်းကောက်ယူသည့်အချိန်တွင်လည်း သေသေချာချာ ပြောကြားရန်၊ တိကျမှန်ကန်သော အချက်အလက် အထောက်အထားများ ပြုစုပေးပို့ရန်လည်း လိုအပ်ပေသည်။

**ကာယကံရှင်တို့ကိုယ်တိုင် ပူးပေါင်းပါဝင်**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးရမည့် ပမာဏမှာ များပြားခြင်းကြောင့် ကာယကံရှင်တို့ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါမှ ဖြစ်မည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း မှတ်ပုံတင်မပြုလုပ်ရသေးသူများအတွက် ကြိုတင်ပေးပို့ထားမည့် ရွှေ့ပြောင်းလျှောက်လွှာများ အဆင်ပြေစွာ ဖြည့်သွင်းနိုင်ရေးအတွက်လည်း ရပ်ကွက်/ကျေးရွာမှ ပညာတတ်လူငယ်များ၏ အကူအညီ ရယူနိုင်ရေးအတွက်လည်း ကြိုတင်မြော်တွေးစီစဉ်ထားသင့်ကြောင်းလည်း အကြံပြုလိုပါသည်။ ကာယကံရှင်များအနေဖြင့် ကြိုတင်ပြုစု ဆောင်ရွက်ထားရမည့် အောက်ဖော်ပြပါ အချက်အလက်များကိုလည်း ၎င်းတို့သိရှိနိုင်ရေးအတွက် ထင်သာမြင်သာ ရေးသား အသိပေးထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။

(၁) အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနှင့် မိတ္တူ၊

(၂) မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊

(၃) အသက်အထောက်အထားအတွက် မွေးစာရင်းမူရင်း (သို့) ကျောင်းထောက်ခံချက် (သို့) ကျောင်းသားကတ်၊

(၄) ရပ်ကွက်/ကျေးရွာအတွင်း နေထိုင်ကြောင်း ထောက်ခံချက်၊

(၅) ကာယကံရှင်၏ (၀.၈" x ၀.၈") အရွယ် အဖြူအမည်းဓာတ်ပုံလေးပုံ၊

(၆) ကာယကံရှင်၏ သွေးအမျိုးအစား စစ်ဆေးချက်၊

(၇) ဘိုးဘွား လေးဦး၏ အမည်၊ မွေးသက္ကရာဇ်၊ ကိုင်ဆောင်လက်မှတ်နံပါတ်၊ အသက်ရှင်ဆဲဖြစ်လျှင် ၎င်းတို့၏ နေရပ်လိပ်စာ၊ သေဆုံးပြီးဖြစ်ပါက သေဆုံးသည့်ရက်စွဲနှင့် သေဆုံးသည့်ဒေသ၊

(၈) ကာယကံရှင်၏ ညီအစ်ကို/မောင်နှမ (အရင်း)တို့၏ အမည်၊ မွေးသက္ကရာဇ်၊ ကိုင်ဆောင်လက်မှတ်နံပါတ်၊ ၎င်းတို့၏ နေရပ်လိပ်စာ။

အထက်ပါအချက်အလက်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် ကာယကံရှင်မှ ယူဆောင်လာရမည့် အချက်အလက် အထောက်အထားများ ဖြစ်ပါသည်။ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကတ်ပြားတစ်မျိုးမျိုးမရှိဘဲ ပြောင်းရွှေ့လာပြီး ယခုရောက်ရှိရာဒေသတွင်လည်း မရှိသေးသူ တိုင်းရင်းသားများအတွက် လဝကဝန်ထမ်းများနှင့် ဒေသမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်ရုံးများသို့လည်း လာရောက်ဆောင်ရွက်နိုင်ကြောင်းလည်း သိရသည်။ တိုင်းရင်းသားမဟုတ်သူ ဥပဒေအရဖြစ်သော နိုင်ငံသားများအတွက်မူ ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှု အထောက်အထား စာရွက်စာတမ်းများကို တိုက်ဆိုင်စစ်ဆေး၍ ဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာမြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပန်းခင်းစီမံချက် ဆောင်ရွက်ရာတွင် ကာယကံရှင်၏ (၀.၈") ပတ်လည် အဖြူ အမည်း ဓာတ်ပုံလေးပုံ လိုအပ်မည်ဖြစ်၍ ကာယကံရှင်က ယူဆောင်လာလျှင် အဆင်ပြေမည်ဖြစ်သော်လည်း မယူဆောင်လာနိုင်ပါက ဓာတ်ပုံအတွက် ကုန်ကျစရိတ်ရှိနိုင်သည်။ ယင်းဓာတ်ပုံရိုက်ကူးခြင်းနှင့် သွေးအုပ်စုစစ်ဆေးခြင်းအား သက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ဆက်စပ်ဝန်ကြီးဌာနများက ကူညီဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုလွယ်ကူလျင်မြန်နိုင်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်ပါက ပြည်သူများအတွက် ကောင်းလေစွ။

**အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများ**

လဝကဝန်ထမ်းများသည် ဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများ ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများသည်လည်း နိုင်ငံတော်လုံခြုံရေးအတွက် အလွန်အရေးပါသည့် လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်တွင်းရှိ နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းဖြစ်သည့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းသည်လည်း အမျိုးသားရေးနှင့် သက်ဆိုင်ပြီး အစဉ်အဆက်ဆောင်ရွက်ရသည့် ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းတစ်ခုပင်။ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းသည်လည်း နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် အရေးပါလှသည်။

ယင်းလုပ်ငန်းများအနက် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကို ဖော်ဆောင်မည့် မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြည်သူတို့အတွက် မွှေးရနံ့များ သင်းထုံနေသည့် ပန်းခင်းအတွင်း နိုင်ငံသားဆိုသည့် သက်သေခံအထောက်အထားကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စေတနာအရင်းခံ၊ လဝကဌာနဝန်ထမ်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ မေတ္တာတရားတို့ဖြင့် ပေါင်းစပ်ပုံဖော်မှုကြောင့် ပန်းခင်းသည် အသွေးအရောင်စုံလင်စွာ ဖူးပွင့်ဝေဆာမည့် ပြည်ထောင်စုပန်းခင်းအဖြစ် တင်စားကာ မုဒိတာပွား၍ ရေးသားတင်ပြလိုက်ပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် မဲရုံ ၁၁၆ ရုံ | ၁၄၆၄၉၈ | ၁၄၁၇၂၉ | ၄၄၆၃ | ၃၈၂ | ၁၀၃၁၄ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မဲရုံ ၉၁ ရုံ | ၇၇၁၆၄ | ၅၁၀၅၉ | ၄၃၁၇ | ၃၂၃ | ၆၄၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၀၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၅၁၇၀၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၄၆၁၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၇၀၉၅၊ မြေပြင်လက်ကျန် ၇၄၉၆၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၆၀၇ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၄၈၁ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တန့်ဆည်မြို့နယ် | ၁၁၆ | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |
| ၂ | ကျွန်းလှမြို့နယ် | ၉၁ | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |
| | **စုစုပေါင်း** | ၂၀၇ | ၂၅၁၇၀၉ | ၁၇၄၆၁၄ | ၇၇၀၉၅ | ၇၄၉၆၉ | ၃၆၀၇ | ၁၄၈၁ |

**တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၇ အုပ်စု၊ မဲရုံပေါင်း ၁၁၆ ရုံတွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၆၃၂၈၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၄၉၃၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၈၃၄၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၇၇၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုနှင့် လျော့နည်းပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၅၅၈၇၉ | ၁၁၄၄၃၉ | ၄၁၄၄၀ | ၄၀၈၁၇ | ၁၆၂၈ | ၁၀၀၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၁၁ | ၄၉၄ | ၃၁၇ | ၃၁၇ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၅၉၂ | | ၆၅၉၂ | ၆၅၉၂ | | |
| | **စုစုပေါင်း** | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |

၆။ တန့်ဆည်မြို့နယ် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၇ အုပ်စုရှိ မဲရုံ ၁၁၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၆၂၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၁၀၀၅ အပိုတွေ့ရှိရပါသည်။

၇။ မြေပြင်စစ်ဆေးခဲ့ရာတွင် ထူးခြားမှုများအနေဖြင့် ရေဦးကုန်းကျေးရွာအုပ်စု မဲရုံအမှတ်(၂) တွင် အသုံးပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ အမည် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း မဲရုံတွင် ထိုသို့ ဖြည့်သွင်းရေးသားထားမှုမရှိသည့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်း ၄၀ စောင်ကို စစ်ဆေးတွေ့ရှိရပါသည်။



တန့်ဆည်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၈။ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မေတ္တာမြိုင်ရပ်ကွက် | ၂ | ၄၆၅၀ | ၃၄၂၇ | ၁၂၂၃ | ၁၂၂၅ | ၅၀ | ၅၂ |
| ၂ | ပေါ်ဦးရပ်ကွက် | ၁ | ၂၆၅၀ | ၂၁၃၄ | ၅၁၆ | ၅၁၆ | | |
| ၃ | မဟာမြိုင်ရပ်ကွက် | ၁ | ၃၁၀၆ | ၂၄၉၄ | ၆၁၂ | ၆၁၂ | | |
| ၄ | ဗိုလ်မြရပ်ကွက် | ၁ | ၂၂၉၆ | ၁၇၂၃ | ၅၇၃ | ၅၇၇ | | ၄ |
| ၅ | ငတန်းကျေးရွာအုပ်စု | ၁ | ၂၃၉၇ | ၁၈၆၄ | ၅၃၃ | ၅၃၂ | ၁ | |
| ၆ | ကလဇင်ကျေးရွာအုပ်စု | ၁ | ၂၀၅၄ | ၁၆၂၁ | ၄၃၃ | ၄၂၉ | ၄ | |
| ၇ | ရွှေတကျေးကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၁၆ | ၂၈၄ | ၂၈၄ | | |
| ၈ | ဒယ်ရောက်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၃၄ | ၂၆၆ | ၂၆၆ | | |
| ၉ | ချောင်းရိုးကျေးရွာအုပ်စု | ၁ | ၁၄၅၈ | ၁၁၀၃ | ၃၅၅ | ၃၅၅ | | |
| ၁၀ | ခပေါင်းကြိုင်ကျေးရွာအုပ်စု | ၁ | ၁၅၅၄ | ၁၁၈၀ | ၃၇၄ | ၃၇၀ | ၄ | |
| ၁၁ | ရွာသာယာကျေးရွာအုပ်စု | ၁ | ၂၂၄၅ | ၁၄၈၁ | ၇၆၄ | ၅၁၉ | ၂၄၅ | |
| ၁၂ | ကံကြီးကုန်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၁၅ | ၂၃၅ | ၂၃၅ | | |
| ၁၃ | ကုန်းရိုးကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၁၅ | ၃၃၅ | ၃၃၅ | | |
| ၁၄ | ရွှေကတော်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၆၀ | ၃၄၀ | ၃၃၈ | ၂ | |
| ၁၅ | အင်တိုင်းကျေးရွာအုပ်စု | ၁ | ၁၉၀၄ | ၁၄၈၂ | ၄၂၂ | ၄၂၂ | | |
| ၁၆ | ဝါးရငယ်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၆၆ | ၆၃၄ | ၆၃၄ | ၅၀ | ၅၀ |
| ၁၇ | ငနုချောင်းကျေးရွာအုပ်စု | ၂ | ၂၁၅၂ | ၁၄၃၉ | ၇၁၃ | ၇၁၁ | ၂ | |
| ၁၈ | ရွာရှည်(တ)ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၈၀ | ၈၇၀ | ၈၇၀ | | |
| ၁၉ | ရွာမကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၂၉၉ | ၈၀၁ | ၇၅၁ | ၅၀ | |
| ၂၀ | ရွှေကူကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၅ | ၆၂၅ | ၆၂၅ | | |
| ၂၁ | ကုန်စွာကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၉၈၄ | ၅၁၆ | ၅၁၆ | | |
| ၂၂ | ဆန်ဆွဲကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၇၃၄ | ၅၆၆ | ၁၀၆၆ | | ၅၀၀ |
| ၂၃ | ခရမ်းခြံကျေးရွာအုပ်စု | ၃ | ၄၇၅၀ | ၃၁၈၄ | ၁၅၆၆ | ၁၅၁၆ | ၅၀ | |
| ၂၄ | ညောင်ဇီးကုန်းကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၉၅ | ၈၀၅ | ၈၀၅ | | |
| ၂၅ | လယ်တီးကျေးရွာအုပ်စု | ၃ | ၂၃၅၂ | ၁၅၅၉ | ၇၉၃ | ၈၄၂ | | ၄၉ |
| ၂၆ | ကံထူးမကျေးရွာအုပ်စု | ၆ | ၁၀၃၀၀ | ၈၁၂၃ | ၂၁၇၇ | ၂၁၇၇ | | |
| ၂၇ | ကြောင်ဆင်းအိုင်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၅၁ | ၅၉၉ | ၅၉၉ | | |
| ၂၈ | ဇီးပေါက်ကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၃၁၄ | ၈၃၆ | ၆၃၆ | ၂၀၀ | |
| ၂၉ | ပကာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၈၆ | ၃၁၄ | ၃၁၄ | | |
| ၃၀ | မောက်တက်ကျေးရွာအုပ်စု | ၂ | ၇၅၀ | ၅၁၉ | ၂၃၁ | ၁၈၁ | ၅၀ | |
| ၃၁ | ရွာမုံတောင်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၅၄ | ၂၉၆ | ၂၉၆ | ၅၀ | ၅၀ |
| ၃၂ | စိန်းနန်းကျေးရွာအုပ်စု | ၅ | ၄၇၀၀ | ၃၄၇၅ | ၁၂၂၅ | ၁၀၇၅ | ၁၅၀ | |
| ၃၃ | တောဂျင်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၄၇ | ၃၀၃ | ၃၀၃ | ၅၀ | ၅၀ |

စာမျက်နှာ ၁၉ သို့ ❋

❋ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၃၄ | ကျွန်းတောကုန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၅၂၁ | ၃၇၉ | ၃၇၉ | | |
| ၃၅ | ညံသာကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၃ | ၁၂၇ | ၁၂၇ | | |
| ၃၆ | တုတ္တလုပ်ကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၄၅၈ | ၉၉၂ | ၉၉၂ | | |
| ၃၇ | ဆင်ငယ်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၂၁ | ၂၇၉ | ၂၇၉ | | |
| ၃၈ | အင်ကုက္ကားကျေးရွာအုပ်စု | ၁ | ၂၁၆၆ | ၁၆၃၈ | ၅၂၈ | ၅၁၂ | ၁၆ | |
| ၃၉ | ချောင်းဆုံ (တ)ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၉၀၂ | ၄၈ | ၄၈ | | |
| ၄၀ | ဖလံချိုင်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၄၁ | ၃၀၉ | ၃၅၉ | | ၅၀ |
| ၄၁ | နဘက်ကြီးကျေးရွာအုပ်စု | ၁ | ၁၄၀၂ | ၁၁၃၉ | ၂၆၃ | ၂၁၁ | ၅၂ | |
| ၄၂ | နဘက်ငယ်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၇၆၇ | ၇၃၃ | ၇၃၃ | | |
| ၄၃ | ရေဦးကုန်းကျေးရွာအုပ်စု | ၃ | ၃၁၀၂ | ၂၃၉၉ | ၇၀၃ | ၇၀၃ | ၅၀ | ၅၀ |
| ၄၄ | ဒေါင်ကြီးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၁၀၆ | ၈၄၄ | ၈၄၄ | | |
| ၄၅ | ပေကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၉၈ | ၃၀၂ | ၃၀၂ | | |
| ၄၆ | ချောင်းဦးကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၇၈၆ | ၆၆၄ | ၆၆၄ | | |
| ၄၇ | အုတ်ဖိုအိုင်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၆ | ၂၃၄ | ၂၃၄ | | |
| ၄၈ | သစ္စေးကုန်းကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၇၉၃ | ၈၅၇ | ၈၅၇ | | |
| ၄၉ | သဲစားကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၃၀ | ၈၂၀ | ၈၂၀ | | |
| ၅၀ | သစ်တော်ပေါက်ကျေးရွာအုပ်စု | ၃ | ၄၉၀၀ | ၃၃၆၆ | ၁၅၃၄ | ၁၅၃၄ | ၁၀၀ | ၁၀၀ |
| ၅၁ | တပိုးကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၁၂၆ | ၁၁၇၄ | ၁၁၇၂ | ၂ | |
| ၅၂ | ကာပေါင်းကျကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၇၃၆ | ၁၀၆၄ | ၇၆၄ | ၃၀၀ | |
| ၅၃ | ချောင်းဆုံ(မ)ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၉၇၅ | ၇၇၅ | ၇၂၅ | ၅၀ | |
| ၅၄ | နန္တင်းတောကျေးရွာအုပ်စု | ၄ | ၄၇၀၀ | ၃၂၇၅ | ၁၄၂၅ | ၁၄၂၅ | | |
| ၅၅ | ပုတီးကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၁၇၄ | ၆၇၆ | ၆၇၆ | | |
| ၅၆ | အောင်စွာကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၉၆၆ | ၈၈၄ | ၈၈၄ | | |
| ၅၇ | ရွာရှည်(မ)ကျေးရွာအုပ်စု | ၆ | ၉၃၅၀ | ၆၇၁၄ | ၂၆၃၆ | ၂၅၈၆ | ၁၀၀ | ၅၀ |
| ၅၈ | အက်တောကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၆၆၉ | ၄၈၁ | ၄၈၁ | | |
| ၅၉ | ဘေရင်းကျေးရွာအုပ်စု | ၁ | ၂၂၉၁ | ၁၇၄၂ | ၅၄၉ | ၅၄၉ | | |
| ၆၀ | မူးဝွကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၄၄၄ | ၆၀၆ | ၆၀၆ | | |
| ၆၁ | ကျွန်းလယ်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၃၁ | ၄၁၉ | ၄၁၉ | | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၁၁၆ | ၁၅၅၈၇၉ | ၁၁၄၄၃၉ | ၄၁၄၄၀ | ၄၀၈၁၇ | ၁၆၂၈ | ၁၀၀၅ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၁၁ | ၄၉၄ | ၃၁၇ | ၃၁၇ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၅၉၂ | | ၆၅၉၂ | ၆၅၉၂ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၆ | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |

**ကျွန်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၉။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၊ မဲရုံပေါင်း ၉၁ ရုံတွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၈၄၂၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၉၆၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၈၇၄၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၂၄၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် လျော့နည်းပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၈၂၆၅၀ | ၅၉၄၅၉ | ၂၃၁၉၁ | ၂၁၆၈၈ | ၁၉၇၉ | ၄၇၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၂၂ | ၂၂၂ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၅၅၅ | | ၅၅၅၅ | ၅၅၅၅ | | |
| | စုစုပေါင်း | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |

၁၀။ ကျွန်းလှမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုရှိ မဲရုံ ၉၁ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၁၉၇၉ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၄၇၆ အပို တွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးခဲ့ရာတွင် ထူးခြားမှုများအနေဖြင့် တောင်ယာဆိပ်ကျေးရွာအုပ်စု မဲရုံ အမှတ်(၂)တွင် အသုံးပြုထားသည့် ကြိုတင်မဲတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအမည်စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း ထိုသို့ ဖြည့်သွင်းရေးသားထားမှုမရှိသည့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်း ၄၀ စောင် ကို စစ်ဆေးတွေ့ရှိရ ပါသည်။

၁၂။ ကျွန်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက်



ကျွန်းလှမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပိတောက်မြိုင်ရပ်ကွက် | ၂ | ၃၂၀၀ | ၂၃၄၇ | ၈၅၃ | ၈၅၃ | | |
| ၂ | ပျဉ်းမမြိုင်ရပ်ကွက် | ၃ | ၄၃၅၀ | ၂၅၇၁ | ၁၇၇၉ | ၁၄၂၉ | ၃၅၀ | |
| ၃ | သစ်ရာမြိုင်ရပ်ကွက် | ၂ | ၃၁၀၀ | ၂၂၆၉ | ၈၃၁ | ၁၀၈၁ | | ၂၅၀ |
| ၄ | အင်ကြင်းမြိုင်ရပ်ကွက် | ၁ | ၃၅၀ | ၂၅၀ | ၁၀၀ | ၁၀၀ | | |
| ၅ | ကုက္ကိုကုန်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၇၈ | ၅၂၂ | ၅၃၂ | | ၁၀ |
| ၆ | ကြည့်ကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၁၄ | ၄၈၆ | ၄၈၆ | | |
| ၇ | ကျောက်အိုင်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၅၅၃ | ၇၉၇ | ၇၉၇ | ၁၀၀ | ၁၀၀ |
| ၈ | တင်းတိန်ရုံကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၈၉ | ၅၁၁ | ၂၆၁ | ၂၅၀ | |
| ၉ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၃၇၂ | ၆၂၈ | ၆၂၈ | | |
| ၁၀ | မန်ကျည်းအင်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၃၄ | ၄၁၆ | ၃၆၆ | ၅၀ | |
| ၁၁ | ရွာသီကျေးရွာအုပ်စု | ၄ | ၄၁၅၀ | ၃၀၅၄ | ၁၀၉၆ | ၁၀၈၁ | ၂၅ | ၁၀ |
| ၁၂ | ရှမ်းစုကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၈၁၁ | ၇၃၉ | ၇၄၀ | | ၁ |
| ၁၃ | လယ်လှကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၁၇ | ၄၈၃ | ၄၈၃ | | |
| ၁၄ | လွှတ်တိုက်ကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၂၇၅ | ၈၂၅ | ၈၂၅ | | |
| ၁၅ | တောင်ယာဆိပ်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၀၀ | ၃၅၀ | ၃၅၀ | | |
| ၁၆ | အင်းဂေါင်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၅၉၆ | ၈၅၄ | ၈၀၄ | ၅၀ | |
| ၁၇ | အင်ဒိုင်းကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၆၀၇ | ၆၉၃ | ၆၄၁ | ၅၂ | |
| ၁၈ | ညောင်ကိုင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၂၂၁ | ၁၁၇၉ | ၈၂၉ | ၃၅၀ | |
| ၁၉ | ထိန်တောကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၇၁ | ၂၇၉ | ၂၇၉ | | |
| ၂၀ | ရေယိန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၀၁ | ၃၄၉ | ၃၄၉ | | |
| ၂၁ | အင်လှကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၂၈၉ | ၅၁၁ | ၅၁၁ | | |
| ၂၂ | ပေကုန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၇၅ | ၃၇၅ | ၃၂၅ | ၅၀ | |
| ၂၃ | ကုန်းစီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၇၈ | ၄၇၂ | ၅၂၆ | | ၅၄ |
| ၂၄ | ချောင်းဖောက်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၉၉ | ၃၀၁ | ၃၀၁ | | |
| ၂၅ | ညောင်ပင်ရိုးကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၁၈ | ၂၈၂ | ၂၃၀ | ၅၂ | |
| ၂၆ | နှောင်ကောက်ကျေးရွာအုပ်စု | ၄ | ၃၈၀၀ | ၂၈၁၁ | ၉၈၉ | ၉၈၉ | ၅၀ | ၅၀ |
| ၂၇ | နှောင်ဦးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၈၆ | ၅၆၄ | ၅၆၄ | | |
| ၂၈ | နွားလည်ဘို့ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၉၀ | ၄၆၀ | ၄၆၀ | | |
| ၂၉ | မယားသာကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၆၈ | ၂၃၂ | ၁၈၂ | ၅၀ | |
| ၃၀ | မော်ကယ်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၅၅ | ၄၉၅ | ၃၉၅ | ၁၀၀ | |
| ၃၁ | ရေရှင်ကျေးရွာအုပ်စု | ၆ | ၅၁၀၀ | ၃၆၃၉ | ၁၄၆၁ | ၁၁၆၁ | ၃၀၀ | |
| ၃၂ | ရှမ်းကုန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၃၇၂ | ၅၂၈ | ၅၂၈ | | |
| ၃၃ | လိပ်စင်းတောင်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၃၈ | ၃၆၂ | ၃၆၂ | | |
| ၃၄ | သရက်ပင်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၃၅ | ၂၁၅ | ၂၁၅ | | |
| ၃၅ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၉၃၈ | ၅၆၂ | ၅၆၂ | | |
| ၃၆ | သစ်ချိုကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၈၀၀ | ၅၅၀ | ၅၅၁ | | ၁ |
| ၃၇ | အိမ်ခြေကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၅၀၆ | ၇၉၄ | ၇၄၄ | ၅၀ | |
| ၃၈ | မြင်သာဦးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၂ | ၂၆၈ | ၁၆၈ | ၁၀၀ | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၉၁ | ၈၂၆၅၀ | ၅၉၄၅၉ | ၂၃၁၉၁ | ၂၁၆၈၈ | ၁၉၇၉ | ၄၇၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၂၂ | ၂၂၂ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၅၅၅ | | ၅၅၅၅ | ၅၅၅၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၁ | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အန္တရာယ်ရှိတဲ့ပတ်ဝန်းကျင်ရှိ အလုံပိတ်ရေငုပ်သင်္ဘောကိုယ်ထည်တစ်ခုမှာ ရှင်သန်နေထိုင်ခြင်း

သန်းဇော်

(ယမန်နေ့မှ အဆက်)

ကနဦး ပူပင်သောကဟာ အောက်ဆီဂျင်ထောက်ပံ့မှု ဖြစ်တယ်။ ခန္ဓာကိုယ်ဟာ အောက်ဆီဂျင်ဓာတ်ငွေ့ကို ခန့်မှန်းခြေ တစ်မိနစ်လျှင် (၀.၃ မှ ၀.၅) လီတာကို အသက်ရှူဖို့ သုံးစွဲပြီး ခန္ဓာကိုယ်အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဇီဝကမ္မ လုပ်ဆောင်မှုတွေကို ထောက်ပံ့ပေးပါတယ်။ ဒီအောက်ဆီဂျင်ကို ရေငုပ်သင်္ဘောရဲ့ ဖိအားဒဏ်ခံကိုယ်ထည်အတွင်းရှိ အလုံပိတ်ပတ်ဝန်းကျင် သို့မဟုတ် အလုံပိတ်အခန်းအတွင်းရှိ လေထုထဲမှ ထုတ်ယူသုံးစွဲခြင်း ဖြစ်ပါတယ်။ တကယ်လို့ ထပ်မံမဖြည့်တင်းရင် ဒီလေထုမှာပါရှိတဲ့ အောက်ဆီဂျင် ပါဝင်မှုဟာ ထုထည်အားဖြင့် ခန့်မှန်းခြေ ကနဦးပါရှိတဲ့ ပမာဏ ၂၁% ခန့်မှ တဖြည်းဖြည်း လျော့ကျသွားမှာဖြစ်ပါတယ်။ အောက်ဆီဂျင်ပါဝင်မှုဟာ ၁၆% ခန့်အထိ လျော့ကျသွားရင် ခက်ခဲစွာ အသက်ရှူရခြင်း၊ ကယောင်ချောက်ချားဖြစ်ပြီး နောက်ဆုံးမှာ သတိလစ်ခြင်း ဖြစ်လာပါမယ်။

တကယ်လို့ ဒီလေထုကို လတ်ဆတ်တဲ့ အောက်ဆီဂျင်နဲ့ မဖြည့်တင်းနိုင်ရင်၊ လက်ရှိ အောက်ဆီဂျင် အသုံးပြုတဲ့နှုန်းနဲ့ဆိုပါက နောက်ခြောက်နာရီအကြာမှာ ရောဂါလက္ခဏာတွေ သိသိသာသာ ပြလာမှာဖြစ်ပြီး နောက် ၁၃ နာရီ အကြာမှာ သတိလစ်တာတွေ စတင်ဖြစ်ပေါ်လာပါမယ်။ ကံကောင်းစွာနဲ့ အပိုဆောင်းအောက်ဆီဂျင် ထောက်ပံ့မှုကို သယ်ဆောင်လာခြင်းကြောင့် အချိန်ကို ၁၂ နာရီကြာအောင် ထိန်းသိမ်းနိုင်ပါမယ်။ အဲဒီမှာ စိုးရိမ်ပူပန်မှုများရင် အောက်ဆီဂျင်သုံးစွဲတဲ့နှုန်းကို တိုးလာစေနိုင်တာကြောင့် နည်းလမ်းအမျိုးမျိုးနဲ့ စိတ်တည်ငြိမ်အောင် ကြိုးစားထိန်းထားရပါမယ်။

ပတ်ဝန်းကျင်အာရုံခံကိရိယာတွေက ရှာဖွေတွေ့ရှိခဲ့တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ တိုးပွားလာခြင်းဟာ ပိုပြီးစိုးရိမ်စရာ ကောင်းပါတယ်။ အလုံပိတ်အခန်းရှိ လေဝင်လေထွက် ပန်ကာများ လည်ပတ်ရန် စွမ်းအင်ကြာရှည်စွာ မရရှိနိုင်ကတည်းက လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူရန် ရေငုပ်သင်္ဘောပေါ်တွင်ပါရှိသော ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူသည့်စနစ်သည် စွမ်းအင်မရရှိသဖြင့် လုပ်ဆောင်နိုင်မှု မရှိတော့ပါ။ ကိုယ်ခန္ဓာ ပုံမှန်ဇီဝကမ္မ ဖြစ်ပျက်မှု (အသက်ရှူထုတ်ခြင်း) မှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဟာ အလုံပိတ်အခန်း ပတ်ဝန်းကျင်ကို စွန့်ပစ်ခြင်း ခံနေရပါတယ်။

အောက်ဆီဂျင် ဖြစ်စဉ်ကဲ့သို့ပင် လူ့ရဲ့ခန္ဓာကိုယ်ဟာ လေထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ပြောင်းလဲခြင်း အနည်းငယ်ကိုသာ ခံနိုင်ရည်ရှိပါတယ်။ လူဟာ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ပမာဏ (၃% မှ ၄%) အထိကို တိုတောင်းသော အချိန်အနည်းငယ်အတွင်း ထိတွေ့မှုကိုသာ ခံနိုင်ရည်ရှိပေမယ့် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ (၁% မှ ၂%) အထိကို အချိန်ကြာမြင့်စွာ ရှူမိတဲ့အခါ အသက်ရှူဖို့ အနည်းငယ်ခက်ခဲလာခြင်း၊ လေထုဆာလောင်မှုကို ခံစားရခြင်း၊ မူးဝေခြင်းနဲ့ မအီမသာဖြစ်ခြင်း/ ပျို့ချင်အန်ချင်ခြင်းတို့ ဖြစ်နိုင်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု ပမာဏ (၆%) ကို ရှူမိတဲ့အခါ သတိလစ်တော့မည့်ဆဲဆဲ အခြေအနေကို ရောက်ရှိသွားပါလိမ့်မယ်။



မိခင် ရေငုပ်သင်္ဘောပေါ်ရှိ DSRV တည်ရှိပုံ။

### တည်ငြိမ်အောင် ကြိုးစား

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုနှုန်းကို အခြေခံပြီး အလုံပိတ်ပတ်ဝန်းကျင်ဟာ ခန့်မှန်းခြေ သုံးနာရီခန့်ကြာရင် (၂%)၊ ၆ နာရီ ကျော်ကြာလျှင် (၆%) အထိ ရောက်ရှိနိုင်ပါတယ်။ ထိုအချိန်တွေ မတိုင်မီ ခေါင်းကိုက်ခြင်းနဲ့ အာရုံခံစားမှု လျော့ပါးလာခြင်း (ဥပမာ – မြင်ခြင်း၊ ကြားခြင်း စသည်ဖြင့်) တို့ကို တွေ့ကြုံရရင် အံ့အားသင့်စရာမရှိပါ။ ဒီအခြေအနေမှာ ကိုယ်ကိုယ်တိုင် တည်ငြိမ်အောင် ကြိုးစားပြီး နေရပါမယ်။ နောက်ထပ် စိုးရိမ်ပူပန်မှုကသာ လူရဲ့ ကျန်းမာရေးကို လျင်မြန်စွာ ထိခိုက်စေလိမ့်မှာ ဖြစ်ပါတယ်။

**ဒီဖြစ်စဉ်တွေကို တားဆီးကာကွယ်နိုင်တဲ့ နည်းလမ်းတစ်ခုက အရေးပေါ်အသုံးပြုဖို့ထားရှိတဲ့ ဓာတ်ငွေ့သိုလှောင်ဘူးတွေကို အသုံးပြုပြီး Diving bell ကို ပြင်ပလေထုဖိအားနဲ့ တူညီအောင် ဖိအားချိန်ညှိထားရပါမယ်။ ဒီအခါ အခန်းဖိအားတိုးမြင့်လာတဲ့အတွက် ပြန်လည်ပူနွေးမှုကို ချက်ချင်းခံစားရပါမယ်။ အဆင့်ဆင့်လုပ်ဆောင်ပြီးရင် Diving bell မှ ပတ်ဝန်းကျင်ရှိရေကို အဆက်မပြတ် အပူချိန်ဆုံးရှုံးမှုပမာဏကို ကာမိစေဖို့နဲ့ ကယ်ဆယ်ရေးမပြုလုပ်မချင်း ခံနိုင်ရည်ရှိတဲ့ အခန်းအပူချိန်ကို ထိန်းသိမ်းထားဖို့ အခွင့်အရေးတစ်ခုရှိနိုင်။**

အေးလာမယ်။ ကံမကောင်းစွာနဲ့ ဒီအလုံပိတ်အခန်းက အပူထိန်းစနစ်မရှိဘူး။ လျှပ်စစ်ဓာတ်အားနဲ့ လည်ပတ်ရတဲ့ လျှပ်စစ်အပူပေးစနစ် မပါရှိရင် အလုံပိတ်အခန်းအတွင်းက အပူချိန်ဟာ ပတ်လည်ဝန်းရံထားတဲ့ သမုဒ္ဒရာရေပြင်အပူချိန် အတိုင်း 40° F (4.4° C) ခန့်ကို အလျင်အမြန် လျော့ကျသွားတာပါပဲ။ **(ပြင်ပရေသည် နဂိုကတည်းက အအေးနေတဲ့အတွက် အခန်းတွင်းမှာ အပူဓာတ်ပေးမထားပါက ပြင်ပရေရဲ့ အပူချိန်အတိုင်း 4.4° C အထိ အခန်းတွင်းမှာ အေးလာနိုင်ပါတယ်။)** ခန္ဓာကိုယ် ခိုက်ခိုက်တုန်အောင်အေးလာရင် အောက်ဆီဂျင် ပိုလိုအပ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ဖြစ်ပေါ်မှု/ ထုတ်လွှတ်မှု ပိုမြန်တဲ့အတွက် တတ်နိုင်သမျှ ကြိုးစားပြီး နွေးနွေးထွေးထွေးနေဖို့ လိုအပ်ပါတယ်။

ဒီဖြစ်စဉ်တွေကို တားဆီးကာကွယ်နိုင်တဲ့ နည်းလမ်းတစ်ခုက အရေးပေါ် အသုံးပြုဖို့ ထားရှိတဲ့ ဓာတ်ငွေ့သိုလှောင်ဘူးတွေကို အသုံးပြုပြီး Diving bell ကို ပြင်ပလေထုဖိအားနဲ့ တူညီအောင် ဖိအားချိန်ညှိထားရပါမယ်။ (ဖိအားချိန်ညှိရန်၊ ဖိအားတိုးစေရန် အခန်းတွင်းသို့ လေဖြည့်သွင်းပေးရပါမယ်) ဒီအခါ အခန်းဖိအားတိုးမြင့်လာတဲ့အတွက် ပြန်လည်ပူနွေးမှုကို ချက်ချင်းခံစားရပါမယ်။ အဆင့်ဆင့်လုပ်ဆောင်ပြီးရင် Diving bell မှ ပတ်ဝန်းကျင်ရှိရေကို အဆက်မပြတ် အပူချိန်ဆုံးရှုံးမှု ပမာဏကို ကာမိစေဖို့နဲ့ ကယ်ဆယ်ရေး မပြုလုပ်မချင်း ခံနိုင်ရည်ရှိတဲ့ အခန်းအပူချိန်ကို ထိန်းသိမ်းထားဖို့ အခွင့်အရေးတစ်ခု ရှိနိုင်ပါတယ်။

ဒါပေမယ့် သင်္ဘောအခန်းတွင်း လေဖိအားများလာတဲ့အတွက် အအေးလွန်ကဲမှုကို ခဏတော့ အတော်အသင့်သက်သာစေပါတယ်။ အပူထိန်းမရှိတာနဲ့ သမုဒ္ဒရာအရှိန်ကြောင့် အပူချိန် တစ်ရှိန်ထိုးကျဆင်းခြင်းတို့ ပေါင်းလိုက်တဲ့အခါ ခပ်မြန်မြန်ပဲ အခန်းပြင်ပ ရေအပူချိန်နဲ့ တစ်ညီတည်း ဖြစ်လာပါတယ်။ ဒါ့အပြင် အခန်းတွင်း ဖိအားမြင့်လာတဲ့အတွက် နောက်ဆက်တွဲ ပြဿနာတွေ ပါလာပါလေရော၊ အခန်းတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို တုံ့ပြန်တဲ့ လူ့ခန္ဓာကိုယ်ဇီဝဖြစ်စဉ်တွေက ပိုပြီး ဖိအားမြင့်လာစေပါတယ်။

ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ (0.5%) သာရှိတဲ့ လေထုဖိအား ၁၀ ယူနစ် ရှိ ပတ်ဝန်းကျင်ဟာ လူ့ ခန္ဓာကိုယ်ကို အဆိပ်အတောက်ကဲ့သို့ ဖြစ်စေပါလိမ့်မယ်။ ဒီအခြေအနေဟာ မျက်နှာပြင်ဖိအား (လေထုဖိအား ၁ ယူနစ်) (1 atm) မှာ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏ (5%) ကို ရှူရှိုက်မိသကဲ့သို့ အခြေအနေမျိုးနဲ့ တူညီပါတယ်။ ထိုအဆိပ်သင့်ပမာဏလေထုကို ရှူရှိုက်မိခြင်းရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေက ရေငုပ်သင်္ဘော (diving bell) ကို တူညီတဲ့ဖိအား ချိန်ညှိအသုံးပြုဖြစ်ဖို့ လျင်မြန်စွာ ဖြစ်စေပါလိမ့်မယ်။

နောက်ဆုံးအနေနဲ့ ဉာဏ်အမြော်အမြင်မရှိဘဲ အဆောတလျင် (အခန်းဖိအားကို ကမ္ဘာ့လေထုဖိအားနဲ့တူအောင်) ဖိအားတိုးစေဖို့ လုပ်ဆောင်ခြင်းဟာ ဘေးကင်းလုံခြုံစွာလွတ်မြောက်မယ့် နောက်ဆုံးထွက်ပေါက်ကို ဖယ်ရှားပစ်လိုက်ခြင်းဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ်ကို ဖိအားတိုးမြင့်စေခြင်းအားဖြင့် ရေနက်ပိုင်းရေငုပ်သမားများလို ရေနက်ပိုင်း ဖိအားကြီးမားတဲ့ နေရာကနေ ပင်လယ်ရေမျက်နှာပြင်ဖိအား အခြေအနေကို ပြန်ရောက်အောင် ဖိအားကိုတဖြည်းဖြည်းလျှော့ပေးခြင်းကို ပြုလုပ်ရပါမယ်။

စာမျက်နှာ ၂၄ သို့ ❖

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြို့နယ်အချို့၌ ဆူပူဆန္ဒပြမှုများအား ဖြိုခွဲထိန်းသိမ်းခြင်းနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များနှင့်အတူ တွေ့ရှိသူများကို ဖမ်းဆီး

**နေပြည်တော် မေ ၁**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်လိုသူအချို့မှလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များအား ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ၊ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရှေ့ရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်နေ စိုးဝင်း(၅၄)နှစ် (ဘ) ဦးဖိုးတော၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အမှတ်တံဆိပ်ပါ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် မဲဆန္ဒရှင်စာရင်းစာရွက် ၁၂၉ ရွက်၊ Hand Speaker နှစ်ခု၊ စပရေးဘူး သုံးဘူး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ စာရွက် နှစ်ရွက်၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ရာတွင် အသုံးပြုသည့်ဝါးချောင်း ၁၅၀ နှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



မြောက်ဥက္ကလာပမြို့နယ်၌ အမျိုးသား တစ်ဦးအား ဆူပူဆန္ဒပြမှုလုပ်ရပ်များတွင် အသုံးပြုမည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အလားတူ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်၌ လူစုလူဝေးအင်အား ၃၅ ဦးခန့်သည် စုဝေး၍ ရတနာမာန်အောင်ရပ်ကွက်မှတစ်ဆင့် ရေစဉ်ကြီးဘက်သို့လမ်းလျှောက်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းမှုပြုလုပ်ခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဈေးအရှေ့ပြင်ရပ်ကွက် ဘုတာရုံအရှေ့အရောက်၌ လူစုကွဲသွားခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျိုက်ပေါက်ကျေးရွာအတွင်း လူစုလူဝေးအင်အား ၅၀ ခန့် ဆူပူအကြမ်းဖက် ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရှင်းလင်းခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါလူအုပ်စုအတွင်းမှ ပဲခူးမြို့ မဟာစေတီရပ်ကွက်နေ သန်းထွဋ်အောင် (၂၁)နှစ် (ဘ) ဦးစိန်ဝင်းပါ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည့် Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သူနာပြုသင်တန်းကျောင်းမှ နည်းပြများ၊ သင်တန်းသူသင်တန်းသားများနှင့် အလုပ်သမားများ CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် စည်းရုံးသိမ်းသွင်းဖိအားပေးခြင်း၊ CRPH နှင့် ပြည်ပရောက်ဆရာဝန်၊ သူနာပြုများ၏ ထောက်ပံ့ငွေဖြင့် ထပ်ဆင့်ထောက်ပံ့ခြင်းများ ဆောင်ရွက်နေသည့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ဧပြီ ၃၀ ရက်တွင် အမှုဖွင့်လှစ်ထားရှိသူ သူနာပြုသင်တန်းကျောင်း နည်းပြဆရာမ ဒေါ်ယဉ်ယဉ်မွန်ကို ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ ယနေ့နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။



ဒေါ်ယဉ်ယဉ်မွန်

**သတင်းစဉ်**

❖ စာမျက်နှာ ၂၃ မှ

လေထုထဲရှိ ဓာတ်ပြုမှုမရှိတဲ့ ဓာတ်ငွေ့တွေဟာ လူ့ခန္ဓာကိုယ်ထဲကို တဖြည်းဖြည်း ပျော်ဝင်သွားမယ်။ အခန်း (capsule) ကို ကယ်တင်ပြီး ရေမျက်နှာပြင်ပေါ်ကို ပြန်လည်ရောက်ရှိတဲ့အခါ ဖိအားကို တဖြည်းဖြည်းလျှော့ခြင်း မပြုလုပ်ခဲ့ဘဲ (ဖိအားညှိခြင်း မပြုလုပ်ခဲ့ဘဲ) ကုန်းပတ်အပေါ်ရှိ အပေါက် (hatch) ကိုဖွင့်ရင် ခန္ဓာကိုယ်အပေါ် အလွန်အမင်း နာကျင်မှုကို ခံစားရစေပါမယ်။

အလျင်အမြန် ဖိအားလျှော့ခြင်းပြုလုပ်ရာမှာ ပျော်ဝင်နေတဲ့ဓာတ်ငွေ့တွေဟာ အလျင်အမြန် ပျော်ဝင်ခြင်းကြောင့် ထွက်ပေါ်လာပြီး လူ့ခန္ဓာကိုယ် တစ်သျှူးတွေနဲ့ သွေးထဲတွင် ပူဖောင်းများဖြစ်ပေါ်စေပါတယ်။

ဖိအားလျော့စဉ် နာမကျန်းဖြစ်မှုတွေ တွေ့ကြုံခံစားရတဲ့ ရေငုပ်သမားတွေလို ရောဂါလက္ခဏာတွေက အရိုးအဆစ်တွေ နာကျင်ခြင်း၊ မအီမသာ/ ပျို့အန်ချင်ခြင်း၊ မူးဝေခြင်းတို့ နာကျင်ခံစားရပြီး သွက်ချာပါဒ တုံ့ဆိုင်းခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အမှန်တကယ် ဖြစ်နိုင်ခြေရှိတာက လေထုထဲမှာ အောက်ဆီဂျင်ဖြည့်တင်းမှု လျော့နည်းသွားပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ညစ်ညမ်းနေစဉ်ကတည်းက တဖြည်းဖြည်း ဖိအားလျော့ခြင်းဟာ မဖြစ်နိုင်တော့ပါ။ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိခြင်းဟာ တစ်ခုတည်းသော မျှော်လင့်ချက်သာ ဖြစ်ပါတယ်။ ။

(ဇယား ၉-၁) ဖိအားပြဇယား (ရေအနက်လိုက် ဖိအားတိုးမှု၊ ရေမျက်နှာပြင်ပေါ်ရှိ လေထုဖိအား နှင့် စုစုပေါင်း ဖိအား (သို့မဟုတ်) ပကတိဖိအားပြ ဇယား)

| Depth Gauge Pressure | Atmospheric Pressure | Absolute Pressure |
|---|---|---|
| 0 (Sea Level)<br>ပင်လယ်ရေမျက်နှာပြင် သုည (၀) ပေ | One Atmosphere<br>လေထုဖိအား (၁) ယူနစ် ရှိပါသည် | 1 ata (14.7 psia)<br>စုစုပေါင်းဖိအား (သို့) ပကတိဖိအား |
| 33 fsw<br>ရေအနက် (၃၃) ပေ/ (၁၀.၀၆) မီတာ တိုးတိုင်း | + One Atmosphere<br>လေထုဖိအား (၁) ယူနစ် ထပ်တိုးပါသည် | 2 ata (29.4 psia)<br>စုစုပေါင်း လေထုဖိအား (၂) ယူနစ် |
| 66 fsw | + One Atmosphere | 3 ata (44.1 psia) |
| 99 fsw<br>ရေအနက် (၉၉) ပေ အရောက်တွင် | + One Atmosphere<br>လေထုဖိအား (၁) ယူနစ် စီ တိုးလာပါသည်။ | 4 ata (58.8 psia)<br>လေထုဖိအား (၄) ယူနစ် ရှိပါမည် |

**မှတ်ချက်။** (၁) Depth in fsw (Feet Sea Water)
(၂) ရေအနက် ပေ (၁၀၀) ခန့် / မီတာ (၃၀.၁၈) ခန့် ရောက်တိုင်း လေထုဖိအား (၄) ယူနစ် ရှိပါသည်။

Source:

(1) NAVSEA SUBMARINE AIR TREATMENT Revision: September 12, 2001
(2) https://science.howstuffworks.com/transport/engines-equipment/submarine5.htm
(3) https://www.globalsecurity.org/military/world/russia/940.htm

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်ခဲ့


**နေပြည်တော် မေ ၁**

ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**လက်ပစ်ဗုံးဖြင့် ပစ်ပေါက်**

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက် မေတ္တာလမ်းတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့မော်တော်ယာဉ်အား မေတ္တာလမ်းအတိုင်း မောင်းနှင်လာသော ယာဉ်အမှတ် (စိစစ်ဆဲ) Caldina အနက်ရောင်ယာဉ်ပေါ်မှ လက်ပစ်ဗုံး အမျိုးအစား(စိစစ်ဆဲ)ဖြင့် ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲခြင်းမရှိသဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ဖွဲ့ဝင်များက စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် မောရဝတီလမ်းထောင့်ရှိ ဒဂုံအရှေ့မြို့မရဲစခန်းကို ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရဲစခန်း၏ တောင်ဘက် ပေ ၂၀ ခန့်အကွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေါ်တင်တင်ဝင်း(၄၉)နှစ် (ဘ)ဦးသောကြာအောင်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး မြောက်ဥက္ကလာပ ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။





ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဒဂုံအရှေ့မြို့မရဲစခန်းအား လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် သမိုင်းဘူတာ ခုံးကျော်တံတားအောက်ရှိ အမှတ်(၁)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအားလည်းကောင်း၊ ည ၇ နာရီခွဲတွင် ခရမ်းမြို့နယ် အမှတ်(၂)ရပ်ကွက် နမ့်ဆန်လမ်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးအား လည်းကောင်း၊ နံနက် ၅ နာရီ ၂၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ဦးမင်းထွဋ် (၄၁)နှစ် (ဘ)ဦးစိန်ထွဋ်၏ နေအိမ်နှင့်တွဲ၍ ဖွင့်ထားသော “ကောင်းထက်ကျော်” လက်ဖက်ရည်ဆိုင်အနီး၌ လည်းကောင်း၊ နံနက် ၅ နာရီ ၄၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် ဇေယျာ(၈)လမ်း၌ ရပ်တန့်ထားသော ဦးသိန်းထွန်းဦး(၅၃)နှစ် (ဘ) ဦးသိန်းဝင်း ပိုင်ဆိုင်သော 9Q-xxxx Suzuki Ciaz မော်တော်ယာဉ်ကို လည်းကောင်း၊ နံနက် ၈ နာရီ ၁ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘုရင့်နောင်လမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ မီးပွိုင့်အချက်ပြမီး ထိန်းချုပ်ရေးအဆောက်အအုံ၌ လည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၄၀ တွင် သဃ်န်းကျွန်းမြို့နယ် (ဓ)မြောက်ရပ်ကွက် ပြည်သာယာလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအား လည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ခဲ့ရာ နေအိမ်၊ ရုံးအဆောက်အအုံများ၊ မော်တော်ယာဉ်များ အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။

**ပေါက်ကွဲမှုဖြစ်ပွား**

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် စက်မှု(၁)လမ်း လမ်းလယ်ကျွန်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လမ်းလယ်ကျွန်းပေါ်မှ ပေါက်ကွဲထားသည့် လက်လုပ်ဗုံးများမှ သံဘောစေ့များနှင့် မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း နှစ်လုံးတို့ကို တွေ့ရှိခဲ့ရ၍ သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် အခင်းဖြစ်နေရာအနီးရှိနေသူ အမျိုးသမီးတစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေခဲ့သည်။



ရန်ကင်းမြို့နယ်၌ လက်လုပ်မိုင်း ပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ ဦးသိန်းကျော်(၆၂)နှစ် (ဘ) ဦးဝင်းအောင်၏ နေအိမ်အားလည်းကောင်း၊ ည ၆ နာရီ ၅၅ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ အမှတ်(၇)ရပ်ကွက်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးကို လည်းကောင်း၊ ယနေ့နံနက် ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးဝင်း၏နေအိမ်ကို လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက် ၆၄ လမ်း၊ ၁၁၁ လမ်းနှင့် ၁၁၃ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအားလည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံလမ်းပေါ်ရှိ Fever Clinic ရုံးအား လည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ခဲ့ရာ နေအိမ်၊ ရုံးအဆောက်အအုံများ၊ မော်တော်ယာဉ်များ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

**လက်လုပ်မိုင်းနှစ်လုံး**

အလားတူ ဧပြီ ၃၀ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဘုရားကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၂ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံအကြားရှိ ဘုန်းချောင်း ကွန်ကရစ်တံတားအနီး ခရီးဆောင်အိတ်တစ်လုံးနှင့် ဆာလာအိတ်တစ်လုံးအတွင်းမှ လက်လုပ်မိုင်း နှစ်လုံးကို လည်းကောင်း၊ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးအောင်မျိုးအောင်၏နေအိမ်အနောက်ဘက်ခြံစည်းရိုးအနီး၌ လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် (၃)လမ်းရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လက်လုပ်မိုင်း နှစ်လုံးအားလည်းကောင်း တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

တရားမဝင်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားအောင် ဆောင်ရွက်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများ အနေဖြင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသူများအား ပြည်သူများနှင့်အတူ ပူးပေါင်း၍ ဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရ ထိရောက်စွာအရေး ယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်လူအုပ်စုနှင့် လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁**

မြို့နယ်အချို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးရဲစခန်းများအား အကြမ်းဖက်လူအုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်ခိုက်ခဲ့ရာတွင် ဧပြီ ၃၀ ရက် ည ၈ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်ရှိ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းအား အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာကာ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူ နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ပြီး ထိုသို့ပစ်ခတ်မှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

အလားတူ ည ၉ နာရီ ၃၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ခိုင်တံတားအား လုံခြုံရေးရယူထားသော တပ်ဖွဲ့ဝင်များ အခြေပြုနေသည့် တောင်ကုန်းအား လက်နက်ကိုင်သောင်းကျန်းသူအင်အား ၃၀ ခန့်က ၆၀ မမ လက်နက်ကြီးဖြင့် လေးကြိမ်ခန့် ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်ခဲ့ရာ အဆိုပါ သောင်းကျန်းသူများမှာ အနောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လူနှင့်အဆောက်အအုံ ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အတူ မေ ၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ဖရူဆိုမြို့မရဲစခန်းအား ရဲစခန်း၏အရှေ့ဘက် မြို့ရှောင်လမ်းပေါ်မှ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့၍ လုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အဆိုပါဆိုင်ကယ်မှာ ရဲစခန်း၏အရှေ့မြောက်ဘက် လောခုခူကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး ထိုသို့ပစ်ခတ်မှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဖရူဆိုမြို့မရဲစခန်းအား အကြမ်းဖက်သူ နှစ်ဦးက လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်မှု မှတ်တမ်းဓာတ်ပုံ။

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကော့ကရိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကော့ကရိတ် မေ ၁**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းက ကော့ကရိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် (ထူးဟဲစေးဟဲ) မျိုးသန့်မျိုးပွားစံပြ ဥယျာဉ်ခြံသို့ ရောက်ရှိပြီး စိုက်ပျိုးထားသော ခရမ်း၊ ဘူး၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ဟင်းသီးဟင်းရွက်စုံစိုက်ခင်းနှင့် Semi-Green House ဖြင့် ဟင်းသီးဟင်းရွက်များကို GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းတို့ကို ကြည့်ရှုအားပေးပြီး ကော့ကရိတ် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်နိုင်က ဥယျာဉ်ခြံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူများအား တစ်ဦးချင်းရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေးလုပ်ငန်းများကို စေတနာတရားထက်သန်စွာဖြင့် ဆောင်ရွက်ပေးနေသော ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ( ၁၅၁ ပေ x ၇၁ ပေ x ၁၇ပေ) ရှိ Steel Structure အမျိုးအစား ဒေါနခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ယူတည်ဆောက်သည့် ကောင်းမြတ်အောင်ကျော်ကုမ္ပဏီတို့မှ ခန်းမတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ကော့ကရိတ်မြို့နယ် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တသိရိဓမ္မနှင့် မြို့မဘုန်းတော်ကြီး ကျောင်းဆရာတော် ဘဒ္ဒန္တစိန္တိတတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် အသုံးပြုရန် ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ထောက်ပံ့ပေးခဲ့ကာ အသစ်တည်ဆောက်ပြီးစီးသည့် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်များ၏ အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယင်းနောက် အမှတ်(၂/၅)စစ်မြေပြင်ဆေးတပ်ခွဲ၌ ဆေးကုသမှုခံယူနေကြသော တပ်မတော်သားမိသားစုဝင်များနှင့် ပြင်ပလူနာများအား အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးခဲ့ပြီး တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကာ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း ရိုးမဟာအပိုင်း ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သရက်မြို့နယ်၊ ကံမမြို့နယ်နှင့် အောင်လံမြို့နယ်တို့၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ ရက်တွင် သရက်မြို့သို့ ရောက်ရှိကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြတောင်တိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွှေမန်း(မကွေး)ကုမ္ပဏီ မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့်(၁၄၀x၃၀)ပေ နှစ်ထပ် Steel Structure အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် နွေစပါး(SRI) (၂)ကေစံပြကွက်အားကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကာ သရက်-နတ်မီးတောက်-ကံမလမ်းပေါ်ရှိ မင်းတုန်းတံတား (ရေနံ့သာ)တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကံမမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားကာ ကံမမြို့နယ်ရှိ မဒေးရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်အတွင်းရေကျန်ရှိမှု အခြေအနေ၊ ဆည်ရေပေးဝေနိုင်မှုအခြေအနေ၊ နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့နယ် ဒုရင်ဗိုရ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး ရေတင်စက်များ အခြေအနေ၊ စက်များမောင်းနှင်မှု၊ ရေပေးဝေမှု၊ စိုက်ပျိုးပြီးစီးမှု၊ ရေခွန်ကောက်ခံရရှိမှုနှင့် ကြွေးကျန်များ ရရှိရန် ကျန်ရှိမှုအခြေအနေများအား စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ အောင်လံမြို့ ရေဝတီတံတား (သရက်-အောင်လံ) စီမံကိန်းလုပ်ငန်းခွင်၌ တံတားချဉ်းကပ်လမ်းတည်ဆောက်ပြီးစီးမှု၊ ရေလယ်တိုင်များ စိုက်ထူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်ကိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**စစ်ကိုင်း မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဧပြီ ၃၀ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတောင်ရိုးရှိ သမိုင်းဝင် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေကျပ် ၃၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့များက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးကောင်စီရုံးရှိ အစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(စစ်ကိုင်း)ဥက္ကဋ္ဌနှင့်အဖွဲ့များအား တွေ့ဆုံ၍ ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး စစ်ကိုင်းမြို့ ကားကြီးကွင်းအနီးရှိ Information Centre ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စစ်ကိုင်းစက်မှုဇုန်သို့ သွားရောက်၍ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း ဆွေးနွေးပေးပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်ရုံများ လည်ပတ်နေမှု၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေမှုများကို တင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အုန်းတောကျေးရွာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှင့် ရွာသစ်ကြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး သက်ဆိုင်ရာ အစည်းအဝေးခန်းမများ၌ ခေတ္တပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းများ၏ အချက်အလက်နှင့် သမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြခဲ့ကြပြီး ကျောင်းများရှိ စာကြည့်တိုက်များ၊ စာသင်ဆောင်များ၊ အိပ်ဆောင်နှင့် စားသောက်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။


**ဇော်မြင့်နိုင်(ခရိုင်ပြန်/ဆက်)**



››› စာမျက်နှာ ၂၇ မှ










နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာနှင့်ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေကြပြီး တစ်ဖက်တွင်လည်း ၎င်းတို့ရေးသားသည့် သတင်းအမှားများကို နိုင်ငံတော်အစိုးရယန္တရားပျက်ပြားလိုသည့်အဖျက်သမားများက လူမှုကွန်ရက်မှတစ်ဆင့် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နေကြကြောင်း တွေ့မြင်နေရပါသည်။

အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုများကြောင့် သေဆုံးသူများ၏စာရင်းအား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသော သတင်းအတု၊ သတင်းအမှားများကိုအခြေခံ၍ စုစည်းထားသည့်ကိန်းဂဏန်းများဖြင့် ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)က အမှန်တကယ်သေဆုံးသူများစာရင်းအဖြစ် ထုတ်ပြန်လျက်ရှိပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၅ ရက်နေ့အထိ သေဆုံးသူ ၇၂၆ ဦးအထိရှိကြောင်း ဖော်ပြထားပါသည်။

**လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ**




**လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ**




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးမှုများရှိလာပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ(Dead Bodies)အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အထိ သေဆုံးသူစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆူပူဆန္ဒပြသူ သေဆုံးမှုအခြေအနေ**


| စဉ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | ၁ | | | ၁ | | |
| ၂ | ကချင် | | ၆ | | | | ၁ | |
| ၃ | ကယား | | ၁ | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | | ၂၂ | | | | ၁ | |
| ၇ | တနင်္သာရီ | | ၁၃ | | | | | |
| ၈ | ပဲခူး | ၂ | ၈၈ | ၁ | | | | |
| ၉ | မကွေး | ၁ | ၁၇ | | ၁ | | | |
| ၁၀ | မန္တလေး | ၃ | ၃၃ | | | ၁ | ၁ | |
| ၁၁ | မွန် | | ၂ | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | | ၁၀၅ | | | | ၂ | ၂ |
| ၁၄ | ရှမ်း | | ၁၅ | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၄ | | | | | |
| | စုစုပေါင်း | ၇ | ၂၅၈ | - | - | ၂ | ၅ | ၂ |

[illegible]

သို့ဖြစ်ပါ၍ စုစုပေါင်းသေဆုံးသူ ၂၅၈ ဦးတွင် အတားအဆီးရှင်းလင်းစဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာမှုကြောင့် ပြန်လည်တုံ့ပြန်ရာမှ သေဆုံးသူမှာ ၂၄၇ ဦးသာရှိပြီး ကျန် ၁၁ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မိမိဘာသာ အိမ်ပေါ်မှခုန်ချရာမှ သေဆုံးခဲ့သူ ဦးဇော်မြတ်လင်း



လုံခြုံရေး တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့သူ မလျှံဖွားလီး

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ နှလုံးရောဂါဖြင့် သေဆုံးခဲ့သူ ဒေါ်တင်နွဲ့ရီ



စာမျက်နှာ ၂၉ သို့ ›››

»»» စာမျက်နှာ ၂၈ မှ

လူမှုကွန်ရက်များတွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့် သေဆုံးစာရင်း ၇၂၆ ဦး စာရင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မမြသွဲ့သွဲ့ခိုင်၊ မကြယ်စင် တို့ကဲ့သို့ ဆန္ဒပြသူများအချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံးသူများ၊ ဦးဇော်မြတ်လင်းနှင့် မလျှံ့ဗွားလီးတို့ကဲ့သို့ အခြားနည်းဖြင့် သေဆုံးသူများ၊ ဦးကိုကိုလေးနှင့် ဒေါ်တင်နွဲ့ရီတို့ကဲ့သို့သော နှလုံးရောဂါဖြင့် သေဆုံးသူများ၊ ရာဇာအောင် ကဲ့သို့ ကိုဗစ်ရောဂါဖြင့် သေဆုံးသူများနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများက အချင်းချင်းသတ်ဖြတ်မှုကြောင့် သေဆုံးသူများ ပါရှိနေသကဲ့သို့ အမှန်တကယ်သေဆုံးသည်ဟု အတည်မပြုနိုင်သောပျောက်ဆုံးနေသူများ၊ ဒဏ်ရာရရှိမှုကြောင့် တပ်မတော်ဆေးရုံများတွင် ကုသမှုခံယူနေသူများ၊ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားသူများ၊ စာရင်းများဖောင်းပွနေအောင် လိပ်စာအတု၊ နာမည်အတုများဖြင့် ဖော်ပြထားသူများပါရှိနေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့ပြင် AAPP စာရင်းထဲတွင် ပါဝင်နေသော အချို့သောသူများမှာ အမှန်တကယ် ရှိ/မရှိ အတည်ပြုစစ်ဆေးရန် နေရပ်လိပ်စာ၊ အဖအမည်ကဲ့သို့သော ခိုင်လုံသည့်အချက်အလက်များ ပါဝင်မှုမရှိခြင်း၊ သေဆုံးရသောအကြောင်းရင်း ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိသောသူများ အများအပြားပါဝင်နေခြင်း၊ ဧပြီ ၉ ရက် ပဲခူးဖြစ်စဉ်တွင် မည်သည့်အချက်မှ ဖော်ပြခြင်းမရှိဘဲ သေဆုံးသူဟု အတည်မပြုနိုင်သူ ၇၆ ဦးအဖြစ် အရေအတွက်အများအပြား ထည့်သွင်း ဖော်ပြထားခြင်းကဲ့သို့သော အချက်များကိုလည်း တွေ့ရှိရသဖြင့် စာရင်းများမှာ အဆမတန်ဖောင်းပွနေကြောင်း စိစစ်တွေ့ရှိရပါသည်။

| No. | Name | Sex | Age | Father's Name | Date of Incident | Deceased Date | Organization | Place of Incidents | Home Address | Township | States/ Regions |
|---|---|---|---|---|---|---|---|---|---|---|---|
| 2 | Mya Thwate Thwate Khaing | F | 19 | unknown | 9-Feb-21 | 19-Feb-21 | Civilian | NayPyi Taw | Hlaykhwintaung, Lower Paunglaung Hydro Power Project | Zeyathiri | NayPyiTaw Region |
| 28 | Kyal Sin Lin @ Kyar Shi | F | 19 | Daw Aye Aye Myint | 3 Mar 21 | 3-Mar-21 | Student | 84 Street and 30 Street | 15x16, 65 Road | Mandalay City | Mandalay Region |
| 60 | Zaw Myat Linn | M | 46 | U Sein Tun +Daw Sein Nyunt | 9 Mar 21 | 9-Mar-21 | NLD (Shwepyitha Township) | YGN Interrogation Center | 9/147 Myanizzu road, 25 warcad, Bokone Shay | Shwepyitha | Yangon Region |
| 275 | Zuali @ Malan Zwale | F | 35 | unknown | 21 Mar 21 | 21-Mar-21 | Civilian | Her fifth floor apartment, Mingalar Taung Nyunt | Fifth floor, Kan Taw Lay, 91 street | Mingala Taungnyunt | Yangon Region |
| 624 | 76 Unknown Name | | | Unknown Name | 9 Apr 21 | 9 Apr 21 | Civilian | Maggatic Road | | Bago | Bago Region |

သို့ဖြစ်၍ လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်နေသော AAPP အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသူများစာရင်းသည် လူမှုကွန်ရက်များတွင် ဖော်ပြနေသော အခြေအမြစ်မရှိသည့် သတင်းတုများကိုအခြေခံ၍ မှားယွင်းစွာ ဖော်ပြထားသည့်အပြင် သေဆုံးသူအရေအတွက်မှာလည်း အဆမတန် ဖောင်းပွလျက်ရှိသဖြင့် အတည်ပြုနိုင်ခြင်းမရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဧပြီ ၃၀ ရက်နှင့် ယနေ့တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဆေးရုံလမ်းရှိ MIXUE ရေခဲမုန့်ဆိုင်အနီး၌ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခဲ့သည့် မဖြိုးစန္ဒာဦး(ဘ)ဦးကိုဦးနှင့် မသူဇာထွေး(ဘ)ဦးမြင့်သန်းတို့အား လည်းကောင်း၊ ပုလောမြို့နယ် ပလောက်မြို့နေထိုင်သူ တစ်ဦး အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့သည့် ပြည့်ဖြိုးအောင် (ဘ)ဦးသော်ဇင်နိုင်၊ မအေးအေးမူ(ဘ)ဦးဖိုးတီး၊ အောင်ကျော်စိုး(ဘ)ဦးမြတ်ထွေးနှင့် အေးနိုင်(ဘ)ဦးလှထွန်းရီတို့ လေးဦးကို ၎င်းတို့၏ နေအိမ်များအသီးသီး၌ လည်းကောင်း၊ CDM လှုပ်ရှားမှုများ သွေးထိုးလှုံ့ဆော်သူ တွံတေးမြို့ ကျွန်းတောရပ်ကွက်ရှိ ပြည်မိုး(ဘ)ဦးစိုးခိုင်ကို ၎င်း၏နေအိမ်၌လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂၅)ရပ်ကွက် မြခေမာလမ်း အိမ်အမှတ် (၄၃၆)ရှိ ယခင်မြို့နယ် အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးစိုးမြင့်နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ(၄) ရပ်ကွက်နေ မျိုးဇော်ထွန်း (၄၀)နှစ် (ဘ) ဦးတင်မောင်ဝင်း၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ မျိုးဇော်ထွန်းအား ယမ်းမှုန့်များ ထည့်ထားသည့် ထမင်းပေါင်းအိုး နှစ်လုံး၊ အင်ဂျင်ဝိုင် ရှစ်ဘူး၊ သတ္တုကိုယ်ထည် လက်လုပ်မိုင်း နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁ ရက် နံနက် ၅ နာရီ ၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြက်သွန်ခင်းကျေးရွာနေ စိုးမင်းအောင် (၄၅)နှစ် (ဘ) ဦးအောင်ဝင်း၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ စိုးမင်းအောင်အား ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် ဒူးလေး နှစ်လက်၊ ဒူးလေးကိုယ်ထည် တစ်ခု၊ စတီးပြောင်း နှစ်ခု၊ ဓားရှည် တစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ထို့အတူ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ရွှေလင်ပန်းကျေးရွာ တော်ဝင်နှင်းဆီအိမ်ရာ အခန်းအမှတ် (၁၁၁)အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းတွင်းမှ ရဲထက်ထွန်း(ခ) ရဲထွန်း (၂၁)နှစ် (ဘ) ဦးထွန်းထွန်းလတ်ပါ အမျိုးသား ခြောက်ဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး အခန်းအတွင်း ဆက်လက်ရှာဖွေခဲ့ရာ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဒူး၊ တံတောင်ကာ တစ်စုံ၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ ဓားနှစ်ချောင်း၊ စကားပြောစက် တစ်လုံး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ စာရွက် ၁၅၀၊ H.R.D.F စာတန်းပါ စတေကာ ၆၅ ခုနှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြကန်သာရပ်ကွက် ကျွန်းတောလမ်းရှိ ပညာရေးဒီဂရီကောလိပ်ဆိုင်းဘုတ်၌ သွေးထိုးလှုံ့ဆော်စာများ လိုက်လံကပ်ခြင်း၊ ဆူပူအကြမ်းဖက်မှုများတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများဖြစ်သည့် ဇော်လင်းမြင့် (ခ) မင်းခန့် (ဘ) ဦးခင်မောင်သောင်းနှင့် ကျော်ထူး(ဘ) ဦးကျွပ်ခွေတို့အား မြောင်းမြမြို့နယ် ဘုရားငုတ်တိုကျေးရွာ မြောင်းမြ–ကုန်းသာကားလမ်းပေါ်၌ လည်းကောင်း၊ မိုးကုတ်မြို့ ကျပ်ပြင်ဈေးရှိ ပတ္တမြားရတနာခန်းမအတွင်း၌ တရားမဝင်ဖွင့်လှစ်ထားသည့် ဆေးခန်းအတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ မိတ္ထီလာမြို့ စက်မှုဇုန်(၃)လမ်းရှိ လူနေထိုင်ခြင်းမရှိသည့် အိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



(ဝဲမှယာ) တရားခံ ဖြိုးဇော်(ခ)အရှည်ကြီး၊ ကောင်းဆက်သူ၊ နိုင်လင်းထက် (ခ) ငွေးယား၊ ကျော်မျိုးအောင်(ခ) ကောင်းမြတ်စိုး၊ ဝင်းထွဋ်(ခ)ရမ်ဇန်အလီ၊ ရဲထက်ထွန်း(ခ) ရဲထက်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြော်ငြာ


**CEC** Contemporary English Class
အခြေခံ အင်္ဂလိပ်စကားပြော(အတန်းသစ်)
5-5-2021 Wed စမည်
Time : 7:00 – 8:00AM ၊ 9:00 – 10:00 AM
3:00 – 4:00PM ၊ 4:30 – 5:30 PM
(မိမိနှစ်သက်ရာတစ်ချိန်တက်ရောက်နိုင်သည်။)
*** Mon to Fri တစ်ပတ် – ၅ ရက် ***
လူဦးရေ နည်းနည်း၊ တတ်မြောက်မှု ဦးစားပေးစနစ်
Air Con စာသင်ခန်းဖြင့် သင်ကြားသည်။
သင်တန်းကြေး– ~~120000 ကျပ်~~ 80000/–
(Basic Course နှစ်လပြတ်+ စာအုပ်ဖိုးပါဝင်ပြီး)
သင်တန်းလက်ခံပြီ
နေရာ – CEC အင်္ဂလိပ်စကားပြောသင်တန်း
လမ်း–၈၀၊ ၄၂လမ်း၊ အမှတ်(၁၁)ခုံးကျော်တောင်ဘက်၊ မန္တလေးမြို့။
ဖုန်း – 09–265727607,09–784969180




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။
တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ
အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို
စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး
ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့
စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို
စနစ်တကျပြန်ဆေးပါ။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရ်အောင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ကြောင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း


















[illegible]



# သကြၤန်ကာလအပြီး မိုးဦးမိုးရွာသွန်းသဖြင့် တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သင်္ကြန်ကာလအပြီး တောင်သူများ စောင့်မျှော်နေကျဖြစ်သော မိုးဦးမိုးမှန်ကန်စွာရွာသွန်းသဖြင့် ဧပြီ ၃၀ ရက်မှစတင်ကာ အညာတောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် သင်္ကြန်အကြိုနေ့၊ သင်္ကြန်အကြတ်နေ့နှင့် မြန်မာနှစ်ဆန်း(၁)ရက်နေ့တို့တွင် သဲသဲမဲမဲမဟုတ်သော်လည်း အပူသက်သာရုံမျှ မိုးရွာသွန်းမှုရှိခဲ့ပြီး ဧပြီ ၂၈ ရက် ညနေပိုင်းတွင် မိုးသင့်တင့်ရုံ ရွာသွန်း၍ ဧပြီ ၂၉ ရက် ညနေပိုင်းတွင် လေနှင့်မိုးပါ သည်းထန်စွာရွာသွန်းခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ရန် မိုးမျှော်နေကြသည့် တောင်သူများအတွက် လုပ်ငန်းခွင်ဝင်ရန် အခွင့်အခါကောင်းဖြစ်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆


ကြေးမုံ ယနေ့ ဖတ်စရာ

**အသိအမြင်ကြွယ်ဝ အမှန်မြင်ကြပါစေ ...**
စာမျက်နှာ » ၁၀

**မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ပြီး လူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ**
စာမျက်နှာ » ၁၁

**တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိလာ**
စာမျက်နှာ » ၁၂

**အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်ရှိ**




စာမျက်နှာ » ၁၂

## မိုးကြိုကာလ မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင် မုတ်သုံလေမဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့် လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့် လည်းကောင်း၊ **လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း** စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



# ခရစ္စတယ်ပဲလေ့အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ပရီမီယာလိဂ်ဖလားရရှိရန် မန်စီးတီးအသင်း နီးစပ်လာ

ခရစ္စတယ်ပဲလေ့အသင်းနဲ့ မန်စီးတီးအသင်းတို့ ယနေ့ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ် ၃၄ အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ မန်စီးတီးအသင်းဟာ အိမ်ရှင်ခရစ္စတယ်ပဲလေ့အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ကာ ပရီမီယာလိဂ်ဖလားရရှိဖို့ နီးစပ်လာပြီလည်းဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့အသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ဘဲ မန်စီးတီးအသင်းက ဒုတိယပိုင်းမှာ ရရှိခဲ့တဲ့သွင်းဂိုးတွေနဲ့ ခရစ္စတယ်ပဲလေ့အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၅၇ မိနစ်မှာ အဂူရိုနဲ့ ပွဲကစားချိန် ၅၉ မိနစ်မှာ ဖာရန်တောရက်စ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဖာရန်တောရက်စ်သွင်းယူခဲ့တဲ့ မန်စီးတီးအသင်းအတွက် သွင်းဂိုးဟာ နည်းပြဂွါဒီယိုလာလက်ထက် ပြိုင်ပွဲအရပ်ရပ်မှာ မန်စီးတီးအသင်းရရှိခဲ့တဲ့ စုစုပေါင်းသွင်းဂိုး ၇၀၀ ပြည့်မြောက်ခဲ့တဲ့ သွင်းဂိုးလည်း ဖြစ်ပါတယ်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ■